# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၀)၊ အမှတ် (၂၈၁)


# ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူများအား YRTC မှ နှာခေါင်းစည်း နှစ်သိန်းခွဲကျော် အခမဲ့ဖြန့်ဝေပေး

ရန်ကုန် ဇူလိုင် ၁၀

လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းကာလ၌ ရန်ကုန်မြို့အတွင်း မဖြစ်မနေသွားလာလှုပ်ရှားနေသော ခရီးသွားပြည်သူများ ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) က ပြည်သူများ ပူးပေါင်းပါဝင်လှူဒါန်းမှုနှင့်အတူ နှာခေါင်းစည်း စုစုပေါင်း နှစ်သိန်းခွဲကျော်ကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း YRTC မှ သိရသည်။

"အခုလို ပြည်သူတွေအကြား ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ပြန်လည်ဖြစ်ပေါ်နေတဲ့ကာလမှာ ရန်ကုန်မြို့အတွင်း မဖြစ်မနေသွားလာနေကြတဲ့ YBS ခရီးသည်များကို ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် YRTC အနေနဲ့ တစ်ဖက်တစ်လမ်းကနေ အသိပညာပေး ပန်းဖလက်နဲ့ Mask များ အခမဲ့ဖြန့်ဝေပေးတာဖြစ်ပါတယ်။ တတ်နိုင်တဲ့ဘက်ကနေ အုပ်တစ်ချပ် သဲတစ်ပွင့် ပါဝင်တဲ့သဘောပေါ့။ ပြောရရင် ပြည်သူတွေအနေနဲ့ မိမိကိုယ်ကိုယ်ကာကွယ်ဖို့ နှာခေါင်းစည်း


*စာမျက်နှာ ၄ ကော်လံ ၁* ❖




ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) က ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ လိုက်လံဝေငှစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ် စ ရာ**

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (သီရိလင်္ကာနိုင်ငံ)** စာ » ၈

**ဆီးရီးယားသို့ လူသားချင်းစာနာသော အကူအညီပေးနိုင်ရေး အချိန်တစ်နှစ်သက်တမ်းတိုးရန် ကုလသမဂ္ဂ ဆုံးဖြတ်**



စာ » ၁၃

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း**

**အတ္တသမာပဏိဓိစ** စာ » ၂၀

**ကြက်သွန်နီ တန်ဖိုးမြှင့်ထုတ်ကုန်များဆီသို့** စာ » ၂၂





# ကိုဗစ်-၁၉ ကူးစက်မှုရပ်တန့်ရေး လူတိုင်းပါဝင်ဆောင်ရွက်ရန်လိုအပ်

ကိုဗစ်-၁၉ ကပ်ရောဂါသည် လူတစ်ဦးချင်းစီက မိမိကိုယ်ကို မည်မျှတာဝန်ယူနိုင်သည်ကို စမ်းသပ်နေသည့်သဖွယ်ပင် ဖြစ်သည်။ လွန်စွာ လွယ်ကူရိုးရှင်းသလောက် ရောဂါပိုးကူးစက်မှုကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်သည့် နည်းလမ်းကလေး အနည်းငယ်ကို မပျက်မကွက် ကျင့်သုံးရုံမျှဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါမှ ရှောင်ရှားနိုင်သည်ကို လူအတော်များများက သိကြသည်။ သိပင်သိသော်ငြားလည်း လက်တွေ့ကျင့်သုံးရာတွင်မူ မှန်မှန်ကန်ကန်၊ တိတိကျကျ ပြုလုပ်သူက နည်းသည်။ သို့ဖြင့် ဗီဇပြောင်းလာသည့် ရောဂါပိုးမျိုးကွဲသစ်တို့ ပေါ်လာသည့်အခါ ကူးစက်နှုန်း၊ ဆေးရုံတက်နှုန်း၊ သေနှုန်းတို့ မြင့်တက်လာသည်။

ကိုဗစ်-၁၉ ရောဂါပိုးသည် လူ့ခန္ဓာကိုယ်ပြင်ပတွင် အချိန်အကန့်အသတ်ဖြင့်သာ ရှင်သန်နိုင်သည်။ ၎င်းပိုးများ မိမိခန္ဓာကိုယ်အတွင်းသို့ မဝင်ရောက်နိုင်ရန် တားဆီးကာကွယ်ထားနိုင်သည်နှင့်အမျှ အချိန်တန်လျှင် ပိုးများ သူ့အလိုလို သေကျေပျက်စီးသွားကြမည်ဖြစ်သည်။ သို့ရာတွင် တစ်နေရာနှင့် တစ်နေရာ ကူးသန်းသွားလာကြခြင်း၊ လူအများအပြား ဝင်ထွက်သွားလာခြင်းတို့ များပြားသည်နှင့်အမျှ ရောဂါပိုးတို့မှာလည်း အသစ်အသစ် ထပ်မံရောက်ရှိလာမည်သာဖြစ်ရာ ၎င်းသံသရာကို ဖြတ်တောက်နိုင်မှသာ ရောဂါပိုးကင်းရှင်းသည့်နေရာ ဖြစ်နိုင်မည်ဖြစ်သည်။

လူ့ခန္ဓာကိုယ်ပြင်ပတွင် ကိုဗစ်-၁၉ ရောဂါပိုးသည် လေထုထဲတွင် မိနစ်အနည်းငယ် လွင့်မျောတည်ရှိနေနိုင်ပြီး အချို့သောအရာဝတ္ထုများ၊ မျက်နှာပြင်များပေါ်တွင် နာရီအနည်းငယ်၊ ရက်အနည်းငယ်မျှ တည်ရှိနေနိုင်ရာ အခန်းများအတွင်း သဘာဝလေဝင်လေထွက်ကောင်းမွန်ရေး၊ လေကောင်းလေသန့်နှင့် နေရောင်ခြည်တို့ရရှိရေး ဆောင်ရွက်ထားခြင်းဖြင့် ရောဂါပိုးရှင်သန်မှုကို လျှော့ချနိုင်သည်။ လူများအသုံးပြုသည့် စားပွဲ၊ ကုလားထိုင်များ၊ တံခါးလက်ကိုင်ဘုများ၊ လက်ကိုင်တန်းများ စသည့် လူအများအပြား ထိတွေ့ထားသည့်နေရာများ၊ ပစ္စည်းများကို ပိုးသတ်သန့်ရှင်းမှုများကို နေ့စဉ် နာရီအနည်းငယ်ခြား၍ သုံးလေးခါခန့်ပြုလုပ်ရန် လိုအပ်သည်။ ရုံးခန်းကဲ့သို့ လူအများအပြား စုပေါင်းအလုပ်လုပ်ကြရသည့်နေရာများတွင် လူတိုင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ စနစ်တကျ လက်ဆေးခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြရန် လိုအပ်သည်။ သို့မှသာ လူတစ်ယောက်တွင် ရောဂါပိုးတွယ်ကပ်ပါရှိလာပါက အခြားသူများကို ဖြန့်ဝေကူးစက်ပျံ့နှံ့သည့်အဖြစ်မျိုးကို ရှောင်ရှားနိုင်မည် ဖြစ်သည်။

ရန်ကုန်မြို့အပါအဝင် မြို့ကြီးများတွင် နေ့ရောညပါ မကြာခဏ ကြားနေရသည့် လူနာတင်ယာဉ် အရေးပေါ်ဥသြသံက လူအများတို့အား ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်ကို လူတိုင်းကာကွယ်ကြရန် တပ်လှန့်နှိုးဆော်ကြသကဲ့သို့ရှိနေသော်လည်း ယခုအခါ လူနေကျဲပါးသည့် ကျေးလက်ဒေသများတွင် ကူးစက်မှုနှုန်းများ မြင့်တက်လာသည်ဟု သိရသည်။ ယင်းအချက်မှာ ကျေးလက်နေပြည်သူများအတွင်း ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပညာများပေးရန် လိုအပ်နေခြင်းနှင့် ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေး၊ ပြည်သူများကျင့်သုံးရမည့် လမ်းညွှန်ချက်များကို လိုက်နာမှုအားနည်းနေခြင်း စသည့်အကြောင်းများကြောင့် ဖြစ်ဖွယ်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းက ပိုမိုမြန်ဆန်၊ ပိုမိုပျံ့နှံ့လျက်ရှိရာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုတို့ လူတိုင်းပြုလုပ်ကြရန် လိုသည်။ လူ့ခန္ဓာကိုယ်တစ်ခုမှ အခြားခန္ဓာကိုယ်များဆီသို့ ကူးစက်နေမှုကို ဖြတ်တောက်ပစ်ရန် လိုအပ်သည့်အတွက် လူတိုင်း လိုက်နာဆောင်ရွက်ကြမှသာ ကိုဗစ်-၁၉ ကူးစက်မှုတို့ နှေးကွေးရပ်တန့်သွားမည်ဖြစ်သည်။ လူစုလူဝေးကို ဝေးဝေးကရှောင်၊ လူတစ်ဦးချင်းစီ အနည်းဆုံး ခြောက်ပေအကွာမှဆက်ဆံ၊ အပြင်ထွက်တိုင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်၊ လက်များကို ဆပ်ပြာဖြင့် စနစ်တကျ မကြာမကြာ ဆေးကြောခြင်းတို့ကသာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသေချာဆုံးနည်းလမ်းများဖြစ်သည်ဟူ၍ နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# (၇၄)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် အများပြည်သူများလိုက်နာရန်

(၇၄)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် အများပြည်သူများအနေဖြင့် လတ်တလောကူးစက်မှုနှုန်းမြင့်မားနေသည့် Coronavirus Disease COVID-19 ရောဂါပိုး ကူးစက်ခံရခြင်း မရှိစေရေးအတွက် အောက်ဖော်ပြပါအချက်များကို အတိအကျ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) နေအိမ်မှ စတင်ထွက်ခွာချိန်မှစ၍ နေအိမ်သို့ ပြန်မရောက်ခင်ကြား အချိန်တိုင်းတွင် နှာခေါင်းစည်း (Mask) ကို မိမိပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင် စနစ်တကျတပ်ဆင်ထားရန်၊ ဖြစ်နိုင်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။

( ခ ) လူတစ်ဦးနှင့်တစ်ဦး သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း ၆ ပေခြား၍ နေရန်။

( ဂ ) လက်ကို ဆပ်ပြာဖြင့် အနည်းဆုံး စက္ကန့် (၂၀)ကြာအောင် စနစ်တကျဆေးကြောရန် (သို့မဟုတ်) လက်သန့်ဆေးရည် (Hand Gel) ကိုသုံး၍ သန့်စင်ရန်၊ လက်ကိုသန့်စင်ခြင်း မပြုဘဲ မျက်စိ၊ နှာခေါင်း၊ မျက်နှာကို ပွတ်သပ်ခြင်းမပြုလုပ်ရန်။

(ဃ) နှာချေ၊ ချောင်းဆိုးလိုပါက လူအများနှင့်ဝေးရာသို့ အရင်ရှောင်ပြီးမှ လက်ကိုင်ပဝါ၊ တစ်သျှူး အသုံးပြု၍ (သို့မဟုတ်) တံတောင်ဆစ်ကွေး ကာ၍ ပြုလုပ်ရန်။

( င ) မလိုအပ်ဘဲ အချိန်ကြာမြင့်စွာ လှည့်လည်ကြည့်ရှုခြင်း မပြုရန်။

( စ ) COVID-19 ရောဂါ လက္ခဏာများဖြစ်သည့် ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းသွားခြင်း၊ လည်ပင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ အသက်ရှူကျပ်၍ မောပန်းခြင်း စသည့်လက္ခဏာများရှိပါက (သို့မဟုတ်) အတည်ပြုလူနာတစ်ဦးဦးနှင့် လတ်တလော ထိတွေ့မှုရှိထားပါက အပြင်မထွက်ဘဲ မိမိနေအိမ်တွင်သာ နေထိုင်ရန်နှင့် သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဌာနသို့ သတင်းပို့ရန်။

**ကျန်းမာရေးဆပ်ကော်မတီ**
**(၇၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ**

# ကျိုင်းတုံခရိုင်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကျိုင်းတုံ ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေး Talk Show ဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်က အဆိုပါ ဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးထိန်လင်းက အသိပညာပေး Talk Show ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသက်မြင့်က ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ဆောင်ရွက်ရမည့် အဓိကအချက်များ၊ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လက်တွေ့ဆောင်ရွက်နေမှုအခြေအနေများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပူးပေါင်းလိုက်နာဆောင်ရွက်ပေးခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အသိပညာပေးဆွေးနွေးသည်။

အဆိုပါ အသိပညာပေး Talk Show ဆွေးနွေးပွဲ အစီအစဉ် အပြည့်အစုံကို We Love Kyaingtong Facebook Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Talk Show ဆွေးနွေးပွဲအစီအစဉ်များ စာအုပ်မိတ်ဆက်ခြင်း၊ ရုပ်ပုံပြ ပုံပြင်ပြောခြင်းနှင့် ကဗျာရွတ်ဆိုခြင်း စသည့်အစီအစဉ်များကို ရိုက်ကူး၍ We Love Kyaingtong Facebook Page နှင့် ကျိုင်းတုံခရိုင်ပြည်သူ့စာကြည့်တိုက် Facebook Page တို့တွင် အပတ်စဉ် ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲထက်ဦး(ပြန်/ဆက်)**

# ဗန်းမောက်မြို့၌ ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်သူ ၈၇ ဦးအား ဆေးရုံမှဆင်းခွင့်ပြု

**ဗန်းမောက် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသစ်တွင် ကိုဗစ်- ၁၉ ရောဂါပိုး အတည်ပြုလူနာ ၉၀ ဆေးကုသမှုခံယူလျက်ရှိရာမှ ယနေ့တွင် ရောဂါပိုးကင်းစင်သူ ၈၇ ဦးအား ဆေးရုံမှဆင်းခွင့်ပြုလိုက်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ရောဂါပိုးကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူများတွင် ပန်းသတင်း KTV ဆိုင်မှ အလုပ်သမား ၅၄ ဦး၊ သစ်တောဦးစီးဌာနမှ နှစ်ဦးနှင့် ဗန်းမောက်မြို့ မြို့မရဲစခန်းမှ ၃၁ ဦး စုစုပေါင်း ၈၇ဦး တို့ဖြစ်ပြီး အဆိုပါဆေးရုံဆင်းခွင့်ရသူများအား ခုနစ်ရက် တစ်ပတ်အိမ်တွင်နေထိုင်သွားကြရမည်ဖြစ်ကာ လိုအပ်ပါက ပြန်လည်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗန်းမောက်မြို့တွင် ဇွန် ၂၉ ရက်က ပန်းသတင်းစားသောက်ဆိုင်နှင့် မြို့အထွက် KTV ဆိုင်မှ အလုပ်သမား ၇၈ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးခဲ့ရာက ၅၄ ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့ရပြီး ၎င်းဆိုင်နှင့်ပတ်သက်ခဲ့သူများ၊ မြို့ပေါ်ရှိပြည်သူများအား ဆက်လက်စစ်ဆေးလျက်ရှိပြီး ဇူလိုင် ၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုး အတည်ပြုလူနာ ၂၈၆ ဦး ရှိကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့တွင် လူတိုင်း နှာခေါင်းစည်းတပ်ဆင်စေရေး လှုပ်ရှားမှုအဖြစ် ဇူလိုင် ၁၀ ရက်က ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ဦးဆောင်ကာ ပုဂံမြို့သစ်ဈေးကြီးအတွင်းနှင့် လမ်းသွားလမ်းလာများအား နှာခေါင်းစည်း ကမ်းပိန်း ပြုလုပ်ဖြန့်ဝေပေးစဉ်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)



## ကိုယ့်အခွင့်အရေး

ကျွန်တော်တို့ဗမာတွေရဲ့ တာဝန်ဝတ္တရားတွေကို ကျွန်တော် အထူးပြောပြလိုပါတယ်။ ကမ္ဘာ့နိုင်ငံရေး စကားတစ်ခုရှိပါတယ်။ ဘယ်လူမျိုး၊ ဘယ်တိုင်းနိုင်ငံမဆို မိမိတို့ ထိုက်တန်သလောက်သာ မိမိတို့ အခွင့်အရေးရကြတယ်လို့ စကားရှိပါတယ်။ ကိုယ့်အခွင့်အရေးဆိုတာ သူများ နှိုက်ခံပြီးရတဲ့ ကိစ္စမျိုး မဟုတ်ဘူး။

**(၁၉၄၃ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် သတင်းစာကိုယ်စားလှယ်များက ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ သွားရောက်မေးမြန်းကြရာ ပြန်လည်ဖြေကြားချက်မှ ကောက်နုတ်ချက်)**

## အသိပေးကြေညာချက်

၁။ COVID – 19 ရောဂါပိုး စစ်ဆေးတွေ့ရှိမှုကြောင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် မူဆယ် – ကျိန်စမ်းကျော့နှင့် မူဆယ်- ဝမ်တိန် နယ်စပ်ကုန်သွယ်ရေး ဂိတ်(၂)ခုအား တရုတ်နိုင်ငံဘက်မှ ယာယီ ပိတ်ထားခဲ့ပါသည်။

၂။ လောက်ကိုင်ဒေသတွင် ရန်လုံကျိုင်းတံတား ပြုပြင်မှုကြောင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် လောက်ကိုင် – ရန်လုံကျိုင်း နယ်စပ်ကုန်သွယ်ရေးဂိတ်အား လည်းကောင်း၊ ချင်းရွှေဟော်တွင် COVID – 19 ရောဂါပိုး စစ်ဆေးတွေ့ရှိမှုကြောင့် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးဂိတ်အား လည်းကောင်း တရုတ်နိုင်ငံဘက်မှ ယာယီပိတ်ထားခဲ့ပါသည်။

၃။ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ယာယီပိတ်ထားချိန်တွင် ကုန်တင်ယာဉ်များ နေရပ်ပင်ရင်းဒေသသို့ ပြန်လည်ထွက်ခွာခြင်း၊ ရောက်ရှိနေရာအနီးရှိ ဂိုဒေါင်များတွင် ကုန်ပစ္စည်းချထားခြင်းတို့ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများမှ ကူညီဆောင်ရွက်ပေး သွားပါမည်။

၄။ မူဆယ်ဒေသ၊ လောက်ကိုင်ဒေသနှင့် ချင်းရွှေဟော်ရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ယာယီပိတ်ထားစဉ်ကာလအတွင်း သက်ဆိုင်ရာ ဒေသများတွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မည့် ကုန်တင်ယာဉ်များ စုပြုံပိတ်ဆို့မှု မရှိစေရေးအတွက် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ နံနက် ၀၇:၀၀ နာရီအချိန်မှစ၍ မန္တလေး (၁၆)မိုင်ဂိတ်မှ လားရှိုး- မူဆယ်၊ လားရှိုး – ချင်းရွှေဟော်၊ လားရှိုး – လောက်ကိုင်ဒေသများရှိ နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ တရုတ်နိုင်ငံသို့တင်ပို့မည့် ကုန်တင် ယာဉ်များအား စိစစ်တားဆီး၍ နေရပ်ပင်ရင်းဒေသများသို့ ပြန်လည် စေလွှတ်သွားပါမည်။

၅။ သို့ဖြစ်ပါ၍ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ကုန်တင်ယာဉ် များအနေဖြင့် နေရပ်ပင်ရင်းဒေသများမှ ထွက်ခွာလာခြင်းမပြုရန် ဖြစ်ပါသည်။ ဒေသတွင်း ပြည်တွင်းကုန်စည် ကူးသန်းမှုအတွက် (၁၆)မိုင် စစ်ဆေးရေးဂိတ်မှ စိစစ်ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၆။ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများနှင့် မရှင်း လင်းသည်များ တစ်စုံတစ်ရာရှိပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန နေပြည်တော်(ဖုန်း –၀၉၄၂၀၇၀၃၆၁၆၊ ၀၉၈၃၀၁၈၅၆၊ ၀၆၇ ၃၄၀၉၆၇၁/၆၇၂)များသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မိုးကောင်းနှင့် နမ္မတီးမြို့များ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မိုးကောင်း ဇူလိုင် ၁၀**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေနှင့်အတူ မိုးကောင်းမြို့နယ်အတွင်း မိုးကောင်းနှင့် နမ္မတီးမြို့တို့၌ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး မြို့များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီတွင် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**



### လိုအပ်ချက်များကို တင်ပြ

ရှေးဦးစွာ မိုးကောင်းမြို့ မြို့တော်ခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှင့် ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းအခြေအနေများနှင့် ရပ်ကွက်/ကျေးရွာများအတွင်း လမ်း၊ တံတား၊ စိုက်ပျိုးရေ ရရှိရေး၊ ရေနုတ်မြောင်းများနှင့် ကျောက်စီရေထိန်းနံရံများ ဆောင်ရွက်ပေးရေး စသည့်လိုအပ်ချက်များကို တင်ပြကြသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံနှင့် ကချင်ပြည်နယ်တွင် ဖြစ်ပွားမှုများပြားလာသဖြင့် မိမိတို့ မြို့နယ်အလိုက် ကာကွယ်ထိန်းချုပ်ရေးနှင့် အသိပညာပေးရေး၊ ပြည်သူများ ပူးပေါင်းပါဝင်ရေးတို့အတွက် အလေးထားတိုက်တွန်းနှိုးဆော်သွားရန်လိုကြောင်း၊ မြို့၊ ရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာဖြင့် ပြီးစီးအောင်ဆောင်ရွက်ရေးကို တွန်းအားပေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း လိုအပ်ချက်များနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မိုးကောင်းမြို့ အိုးတန်းရပ်ကွက်အတွင်းရှိ ပြည်သူ့ဆေးရုံရှေ့ ရေနုတ်မြောင်းနှင့် ဆေးရုံနောက်ကျောဘက်လမ်းခင်းပေးနိုင်ရေး၊ ကျွန်းတောတံတား၌ နန့်ရင်းချောင်း ရေတိုက်စားမှုအခြေအနေနှင့် နတ်ကြီးကုန်းရပ်ကွက်အတွင်း ကမ်းပါးရေတိုက်စားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရပ်ကွက်အတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် နန့်ရင်းချောင်းရေတိုက်စားမှုအတွက် စနစ်တကျ ကွင်းဆင်းတိုင်းတာစစ်ဆေး၍ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် မိုးကောင်းမြို့မှ နမ္မတီးမြို့သို့ သွားရောက်ပြီး နမ္မတီးမြို့၌ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မနောကေရီကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့်မြို့တော်ခန်းမတည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးရေး မှာကြားခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နမ္မတီးမြို့ မြို့သာယာရပ်ကွက်အတွင်း အခြေခံပညာအလယ်တန်းကျောင်း (စက်ဝင်း) သွားလမ်း ကွန်ကရစ်ခင်းကျင်းပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြို့မရပ်ကွက်အတွင်းရှိ မြို့ပတ်လမ်းခင်းကျင်းဆောင်ရွက်နေမှုနှင့် ရေနုတ်မြောင်းများ ဆောင်ရွက်နေမှု၊ မြို့ဦးရပ်ကွက်အတွင်းရှိ ဒူဝါလမ်း အရှည်ပေ ၂၀၀၀ နှင့် ကျန်စစ်သားလမ်း အရှည်ပေ ၁၄၀၀ အား ကွန်ကရစ်လမ်းခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်အချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း COVID-19 ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၂၁) ကျင်းပ

ပဲခူး ဇူလိုင် ၁၀

**ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၉/၂၀၂၁) အား Online Zoom Meeting System ဖြင့် ကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူအများစုသည် ဆေးရုံသို့ နောက်ကျမှ ရောက်ရှိလာသည့်အပြင် သွေးထဲတွင်အောက်ဆီဂျင်အလွန်ကျဆင်းနေသည်ကို တွေ့ရှိရကြောင်း၊ ဒါကြောင့် ရပ်ကွက်/ကျေးရွာများအတွင်းရှိ မကျန်းမာသူများ၊ အနံ့ပျောက်ခြင်း၊ ဖျားနာခြင်း၊ အသက်ရှူကျပ်ခြင်းများ ဖြစ်ပေါ်လာပါက ချက်ချင်း ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူရန် အသိပညာပေးခြင်းအား ထပ်ခါထပ်ခါ နှိုးဆော်ပေးသွားရမည် ဖြစ်သည့်အပြင် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ၏ Hot Line တယ်လီဖုန်းနံပါတ်များအား အများပြည်သူသိရှိနိုင်ရေး လူစည်ကားသည့် နေရာများတွင် ကပ်ထားပေးရန်၊ ကိုဗစ်–၁၉ ရောဂါပိုးသည် မြို့ပေါ်တွင် ၃၀ ရာခိုင်နှုန်း၊ ကျေးလက်တွင် ၇၀ ရာခိုင်နှုန်း ပိုးတွေ့ရှိမှုဖြစ်ပေါ်နေသဖြင့် ကျေးရွာနေပြည်သူလူထုအား ပညာပေးခြင်းနှင့် စည်းကမ်း ထိန်းသိမ်းရေးအပိုင်းတို့အား ပိုမိုတင်းကျပ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်သည် ကိုဗစ်–၁၉ ရောဂါ ကုသရေးလုပ်ငန်းစဉ်တွင် အလွန်အရေးကြီး၍ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသလို ခရိုင်မြို့ကြီးများတွင် Oxygen Plant များ မကြာမီ အမြန်ဆုံးတပ်ဆင်နိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ ကျေးရွာများအဆင့်ထိ တစ်ခါသုံးနှာခေါင်းစည်းများ ဖြန့်ဝေပေးမှုထက် ချည်ထည်အဝတ် နှာခေါင်းစည်းများ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် ထူးခြားမှုများရှိလာပါက အချိန်နှင့်တစ်ပြေးညီတင်ပြပေးရန် လမ်းညွှန် မှာကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသီဟက COVID–19 ရောဂါပိုးတွေ့ရှိမှုနှင့် ကုသရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် မြို့နယ်ဆရာဝန်ကြီးများက မြို့နယ်အလိုက် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် အခြားလိုအပ်ချက်များတင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

အစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ သီဟ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ မြို့နယ်ဆရာဝန်ကြီးများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**တင်စိုး(ပဲခူး)**

---

❖ *ရှေ့ဖုံးမှ*

ကမ်ပိန်းလုပ်ပေးတာပါ။ တကယ်တော့ လူတိုင်းက မဖြစ်မနေ နှာခေါင်းစည်းတပ်သင့်ပါတယ်။ တချို့လူအနည်းငယ် နှာခေါင်းစည်းတပ်ထားတာ မတွေ့ရဘူး။ အဲဒါနဲ့ပတ်သက်ပြီး အသိပညာပေးတဲ့အနေနဲ့ ပန်းဖလက်ရော၊ နှာခေါင်းစည်းကိုပါ အခမဲ့ အခုလို ဝေငှပေးတာဖြစ်ပါတယ်။ အခုဆိုရင် ပိုးတွေ့လူနာက တဖြည်းဖြည်းများလာတော့ ဘတ်စ်ကားစီးရင်း ကူးစက်မှုမဖြစ်အောင်နဲ့ တကယ်တော့ ကြိုတင်ကာကွယ်ခြင်းဟာ ပိုမိုထိရောက်ခြင်းဆိုတာ လူတွေသိစေချင်တာပါ”ဟု ဒီကနေ့ ရန်ကုန်မြို့အတွင်း နှာခေါင်းစည်းများနှင့် အသိပညာပေး ပန်းဖလက်များ အခမဲ့လိုက်လံဝေငှပေးနေမှုနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။



ခရီးသွားပြည်သူများအား နှာခေါင်းစည်းများ လိုက်လံဝေငှပေးစဉ်။

### အလှူရှင်များ၏ ပူးပေါင်းမှု

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) သည် ရုံးပိတ်ရက်များဖြစ်သည့် စနေနှင့် တနင်္ဂနွေရက်များတွင် ရန်ကုန်မြို့အတွင်း မဖြစ်မနေ သွားလာလှုပ်ရှားနေကြရသည့် ခရီးသွားပြည်သူများအား ကိုဗစ်–၁၉ ကပ်ရောဂါ တတိယလှိုင်းပျံ့နှံ့မှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေး ပန်းဖလက်များနှင့် Mask များကို ပြည်သူများအကြား အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ စုစုပေါင်း နှာခေါင်းစည်း နှစ်သိန်းခွဲကျော်ကို ဖြန့်ဝေသွားမည်ဖြစ်ပြီး ယင်းသို့ ဖြန့်ဝေနိုင်ခြင်းမှာ စေတနာဖြင့် လှူဒါန်းထားသော အလှူရှင်များ၏ ပူးပေါင်းမှုဖြင့် ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်းလည်း တွဲဖက်အတွင်းရေးမှူးက ပြောသည်။

### ဈေးကြီးကြီး ပေးဝယ်နေရ

“လတ်တလော ကိုဗစ်–၁၉ နဲ့ ပတ်သက်လို့ ဝယ်ရတဲ့ပစ္စည်းတွေက ယခင်ထက် ဈေးကြီးကြီး ပေးဝယ်နေရတယ်။ အခုလို ခရီးသွားရင် နှာခေါင်းစည်းလေးတွေ ဝေငှပေးတော့ ဝမ်းလည်းဝမ်းသာပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။ တကယ်တော့ အခုဆို Mask တစ်ဘူးကို အပြင်မှာဝယ်ရင် ငွေကျပ် နှစ်ထောင်ကျော် သုံးထောင်ဝန်းကျင် လောက်ပေးနေရတယ်။ ပိုက်ဆံရှိတဲ့သူတွေအတွက် မထိခိုက်ပေမယ့် ကျွန်မတို့လို အခြေခံလူတန်းစားတွေ အတွက်ကတော့ အဲဒီပိုက်ဆံက တကယ်ကို ဝန်ထုပ်ဝန်ပိုး ဖြစ်စေတယ်။ ဒါကြောင့် YRTC အနေနဲ့ နှာခေါင်းစည်းတွေကို အခုလို အခမဲ့ လိုက်လံဝေငှပေးတာကို ပြည်သူတစ်ဦးအနေနဲ့ ပီတိလည်းဖြစ်မိသလို ဝမ်းသာမဆုံးလည်း ဖြစ်မိပါတယ်” ဟု YBS ခရီးသွားပြည်သူတစ်ဦးက သူမအမြင်ကို ရင်ဖွင့်သည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) သည် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးပန်းဖလက်များနှင့် နှာခေါင်းစည်းများကို ရန်ကုန်မြို့တွင်း ဆူးလေဘုရားဝန်းကျင်နှင့် သဃ်ာန်းကျွန်းမြို့နယ် စံပြဈေးမှတ်တိုင်အနီးတွင် ခရီးသွားပြည်သူများအား အခမဲ့လိုက်လံဖြန့်ဝေပေးခဲ့ပြီး အလှူရှင်များပေါ်မူတည်၍ နောက်ရုံးပိတ်ရက်များတွင်လည်း ယခုကဲ့သို့ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးဘူးများကို လိုက်လံဝေငှပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်၊ ဓာတ်ပုံ– မိုးမခ**

---

## “သပြေ – ရေဒီယို” ဇူလိုင် ၁၁ ရက်မှ စတင်ထုတ်လွှင့်

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ရေဒီယိုနားဆင်သူ ပရိသတ်များအတွက် သတင်းနှင့် ဗဟုသုတအဖြာဖြာ၊ ကောင်းနိုးရာရာ တေးသီချင်းများအပြင် ကျန်းမာရေးနှင့် အမေးအဖြေအစီအစဉ်များ အပါအဝင် အစီအစဉ်ပေါင်း စုံလင်စွာဖြင့် သပြေရေဒီယိုကို ဇူလိုင် ၁၁ ရက် **(ယနေ့)** တွင် စတင်ထုတ်လွှင့်နေပြီဖြစ်သည်။

“သပြေ–ရေဒီယို”ကို မြန်မာနိုင်ငံအလယ်ပိုင်းတွင် လှိုင်းလတ် လှိုင်းနှုန်း MW 711 KHz နှင့် ရန်ကုန်မြို့နှင့် အနီးတဝိုက်တွင် FM လှိုင်းနှုန်း 99.6 MHz တို့ဖြင့် ဖမ်းယူရရှိနိုင်မှာဖြစ်ပြီး နေ့စဉ် နံနက် (၇)နာရီမှ နေ့လယ် (၁၂)နာရီအထိနှင့် ညနေ(၄)နာရီမှ ည(၉)နာရီအထိ ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကောင်းမွန်သည့် အကျိုးရလဒ်

အချို့ဝန်ထမ်းများသည် ၎င်းတို့အနေဖြင့် CDM တွင် ပါဝင်မှုမရှိပါက Social Punishment ပြုလုပ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ မိမိတို့တာဝန်ပျက်ကွက်ခဲ့မှုများကြောင့် အရေးယူခံရမည်ကို ကြောက်ရွံ့ခြင်းများကြောင့် တာဝန်ထမ်းဆောင်မှုများကို ဆက်လက်ပျက်ကွက်လျက် ရှိကြကြောင်း၊ ကိုယ်တိုင်ဦးဆောင်လှုံ့ဆော်မှုများတွင် မပါဝင်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိုက်သင့်သည့် အရေးယူမှုကိုသာ ဆောင်ရွက်မည်ဖြစ်ပြီး အလုပ်မှထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်မည် မဟုတ်ကြောင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် ခြိမ်းခြောက်နေသူများအား သတင်းပို့တိုင်ကြားရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များအား ထုတ်ပြန်ထားပြီး ခြိမ်းခြောက်သူများကို ထိထိရောက် ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ CDM ပြုလုပ်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ပါက နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ်များရရှိမည်ဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## တွံတေးမြို့နယ် ကွမ်းခြံကုန်းရပ်ကွက်ရှိ နိဂြောဓာရုံကျောင်းတိုက်၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၀**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီးရှိ ဘုန်းကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကွမ်းခြံကုန်းရပ်ကွက်ရှိ နိဂြောဓာရုံကျောင်းတိုက်မှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ COVID–19 ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခြောက်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူလူထုအတွက် အဓိက အကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၆၉၂၉၇ ဦးနှင့် အတွင်းလူနာပေါင်း ၇၈၁၈၅ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။




ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၄၉၀၊ အသေးစားခွဲစိတ် ကုသရန်လိုအပ်သူ ၆၆၄၃ ဦး၊ စုစုပေါင်း ၁၉၁၃၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၃၄၄ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၉၈၄ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၅၃၂၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းဘွဲ့မြို့ အဝင်အထွက် စစ်ဆေးရေးဂိတ်များဖွင့်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေး ဆောင်ရွက်

**လှိုင်းဘွဲ့ ဇူလိုင် ၁၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လှိုင်းဘွဲ့မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်းကာ လှိုင်းဘွဲ့မြို့ အဝင် အထွက်တွင် စစ်ဆေးရေးဂိတ်များဖွင့်လှစ်ပြီး ကျန်းမာရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့သို့ အသိပညာလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသန်းဦးဆောင်၍ တပ်ရင်း/တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ BGF တပ်ဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များက လှိုင်းဘွဲ့မြို့အဝင်/ အထွက်ဖြစ်သော ဒိုင်ပြကျေးရွာ ရွှေဂွန်းသွားကားလမ်း ပိုင်ကျုံမြို့သွားလမ်း၊ ကော့လှိုင်းကျေးရွာနှင့် ရှမ်းရွာသစ်မြို့သွားလမ်းတို့တွင် စစ်ဆေးရေးဂိတ်များဖွင့်လှစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ပြည်သူများ အပြင်သွားရာတွင် မဖြစ်မနေ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန် အသိပညာပေးခြင်း၊ အတတ်နိုင်ဆုံး မိမိအိမ်တွင်နေထိုင်ပြီး ခရီးသွားခြင်းများကို ရှောင်ကြဉ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ မြို့တွင်းသို့ ခရီးဝေးဝင်ရောက်လာသူများအနေဖြင့် ခရီးသွားထောက်ခံစာမပါဘဲ မြို့တွင်းသို့ ဝင်ရောက်ခွင့်မရှိကြောင်း သိရှိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သိစေ၊ ကြားစေ ညွှန်းသက်သေ

**အောင်ရှင်း**

**မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးလုပ်ငန်းတွေကို မည်သည့်နိုင်ငံရေးအခြေအနေ၊ မည်သို့သောအစိုးရလက်ထက်မှာ ဆောင်ရွက်သည်ဖြစ်စေ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ ဝိုင်းဝန်းကူညီပံ့ပိုးပေးသင့်ပါတယ်။ အဲဒီလို ပံ့ပိုးမှုမပြုလုပ်ပေးတဲ့အပြင် နိုင်ငံရေးရည်မှန်းချက်အပေါ်မူတည်ပြီး မူးယစ်ဆေးဝါးပြဿနာကို မဟုတ်မမှန် ဝါဒဖြန့်ချိတာ၊ လူမှုကွန်ရက်ကို အသုံးပြုပြီး တည်ငြိမ်မှု ပျက်ပြားအောင် စွပ်စွဲလှုံ့ဆော်မှုတွေဟာ မပြုလုပ်သင့်တဲ့လုပ်ရပ်များသာ ဖြစ်ပါတယ်။ နိုင်ငံကြီးတစ်ခုက မိမိရဲ့တရားဝင်သံရုံး Facebook စာမျက်နှာကို အသုံးပြုပြီး အခြားနိုင်ငံတစ်ခုရဲ့ နိုင်ငံရေးအခြေအနေကို ဖိအားပေးဖို့ မူးယစ်ဆေးဝါး ပြဿနာကို ဝါဒဖြန့်ချိရေးအတွက် အသုံးချနေတာဟာ မသင့်တော်ဘူးလို့ ထင်မြင်ယူဆမိပါတယ်**

*ယမန်နေ့မှအဆက်*

**ဖမ်းဆီးရမိ ဖြစ်စဉ်အချို့**

ဒီလိုဆောင်ရွက်ချက်တွေအနက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်တွေ ကြီးစိုးနေတဲ့ နေရာဒေသတွေကနေ သယ်ဆောင်လာတဲ့ မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့တဲ့ ဖြစ်စဉ်တချို့ကို ကောက်နုတ်ဖော်ပြလိုပါတယ်။

၂၀၂၁ ခုနှစ် ဧပြီလက ရှမ်းပြည်နယ် မိုးနဲမြို့ကနေ မြဝတီမြို့ကို သယ်ဆောင်လာတဲ့ WY ဆေးပြား ၇,၆၀၀,၀၀၀ ၊ ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၄ ဘီလီယံခန့်ကို တောင်ငူမြို့ (၇) မိုင်စစ်ဆေးရေးဂိတ်မှာ ဖမ်းမိခဲ့တဲ့ ဖြစ်စဉ်ရှိပါတယ်။

၂၀၂၁ ခုနှစ် မေလ ၉ ရက်နေ့မှာလည်း ရှမ်းပြည်နယ် ကျောက်တလုံးမြို့နယ်ကနေ ကြက်သွန်ဖြူ/နီ၊ လက်ဖက်ခြောက်အိတ်တွေနဲ့ ဖုံးအုပ်သယ်ဆောင်လာတဲ့ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၉ သိန်း (ကာလတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၅ ဘီလီယံခန့်) ကို သံတောင်ကြီးမြို့နယ် လိပ်သိုမြို့အဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်မှာ ဖမ်းဆီးရမိခဲ့ပါတယ်။

နောက်တစ်ခုက ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့ တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်မှာ ဘိန်းဖြူဘလောက်တုံး ၁၅၅၄ တုံး (၈၉၃ ဒသမ ၉ ကီလိုဂရမ်)၊ ဘိန်းဖြူ ၆၅၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ဒသမ ၃၂ သိန်း၊ အိုက်စ် ၁ ဒသမ ၆ ကီလို ဂရမ်၊ စုစုပေါင်းကာလ တန်ဖိုးငွေကျပ် ၁၄ ဒသမ ၃၆ ဘီလီယံခန့်ကို လက်နက်ငယ်တချို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။



ကျိုင်းတုံ-တာချီလိတ်သွား ကားလမ်းပေါ်ရှိ တာကျောက် ကျေးရွာအနီး အိုက်စ် ၁၇၁၀ ကီလိုခန့် ကာလတန်ဖိုး ငွေကျပ် ၃၄ ဒသမ ၂ ဘီလီယံခန့်ကို လက်နက်ငယ်အချို့နှင့်အတူ ဖမ်းဆီးရမိမှု။

ဇွန်လ ၁၈ ရက်နေ့မှာလည်း အိုက်စ် ၁၇၁၀ ကီလိုခန့်၊ ကာလတန်ဖိုးငွေကျပ် ၃၄ ဒသမ ၂ ဘီလီယံခန့်နဲ့ လက်နက်ငယ်တချို့ကို တာချီလိတ်-ကျိုင်းတုံသွားကားလမ်း တာကျောက်ကျေးရွာအနီးမှာ ဖမ်းဆီးရမိခဲ့ပါသေးတယ်။ ဒီမူးယစ်ဆေးဝါးတွေ သယ်ဆောင်ဖို့ Dump Truck (4x2) ယာဉ်ဝယ်ယူရန်အတွက် "ဝ" တပ်ဖွဲ့ဝင် အိုက်ဆန်းဆိုသူက ငွေကြေးထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေကို ကျိုင်းတုံမြို့နဲ့ ၁၃ မိုင်ကျော် အကွာကနေ သယ်ယူခဲ့ကြတာပါ။

ဇွန်လ ၂၀ ရက်နေ့မှာပဲ Qing Shan စာတန်းပါ အိုက်စ် ၁၅၈၀ ကီလိုဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၅ ဘီလီယံခန့်ကို ကျိုက်ထိုမြို့ မရမ်းချောင်ကျေးရွာနဲ့ အင်္ဂပူကျေးရွာကြားမှာ ဖမ်းဆီးရမိခဲ့တာ ရှိပါသေးတယ်။

၂၀၂၁ ခုနှစ် ဇွန်လ ၂၇ ရက်က စစ်ရေယာဉ် (ဘုရင့်နောင်)ဟာ မြန်မာ-အိန္ဒိယ ရေပိုင်နက်နယ်နိမိတ်မျဉ်းအနီးမှာ သုခစံအမည်ရှိ မူးယစ်ဆေးဝါးသယ်လှေပေါ်မှ Guan Yin Wang နှင့် Refined Chinese Tea စာတန်းပါအိတ်တွေနဲ့ ထုပ်ပိုးထားတဲ့ မူးယစ်ဆေးဝါး (ICE) ၁ ကီလိုဂရမ်ခန့်ပါ ၁၅၀၀ ထုပ်(၁၅၀၀ ကီလိုဂရမ်)၊ ကာလတန်ဖိုး ၃၇ ဒသမ ၅ ဘီလီယံခန့်နဲ့အတူ တရားခံ ခုနစ်ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။

ဒီလိုဖမ်းဆီးရမိမှုတွေကို ကြည့်မယ်ဆိုရင်ပဲ မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိမှု တွေက တိုင်းရင်းသားဒေသတွေကနေ လာတာဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ကြီးစိုးတဲ့နေရာမှာ ထုတ်လုပ်နေကြတယ်ဆိုတာ သိရှိနိုင်ပါတယ်။ အမှန်တကယ်တော့ မူးယစ်ဆေးဝါးအန္တရာယ်ဟာ မြန်မာနိုင်ငံတစ်ခုတည်းနဲ့ သက်ဆိုင်တဲ့ကိစ္စရပ်မဟုတ်ဘဲ လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ဖြစ်တာကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ တာဝန်သိသိ သစ္စာရှိရှိ ရှေ့တန်းကျကျ ထိုးစစ်ဆင်တိုက်ပွဲဝင်နေခြင်း ဖြစ်ပါတယ်။

**မြန်မာနိုင်ငံ၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

မူးယစ်ဆေးဝါးအန္တရာယ်ဟာ ကမ္ဘာ့လူသားအားလုံးရဲ့ ဘုံရန်သူဖြစ်တဲ့အတွက် ကမ္ဘာ့နိုင်ငံအားလုံးက ပူးပေါင်းပြီးတိုက်ဖျက်ဖို့ လိုအပ်တာ ပကတိအမှန်တရား ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေး လုပ်ငန်းတွေမှာ နိုင်ငံတကာနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၇၆ ခုနှစ်ကနေစပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးအလွဲသုံးမှုဆိုင်ရာ ရန်ပုံငွေရုံး( United Nations Fund for Drug Abuse Control- UNFDAC)ကို ရန်ကုန်မြို့မှာ စတင်ဖွင့်လှစ်ခဲ့ပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ စီမံကိန်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (Central Committee for Drugs Abuse Control-CCDAC)တို့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ UNODC နဲ့လည်း ၁၉၉၄ ခုနှစ်မှစတင်ပြီး "ဝ"ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။

CCDAC နဲ့ UNODC တို့ ပူးပေါင်းကာ ၂၀၀၁ ခုနှစ်ကနေစတင်ပြီး နှစ်စဉ်ဘိန်းစိုက်ပျိုးမှု အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မူးယစ်ဆေးဝါးသုံးစွဲမှု စစ်တမ်းကောက်ယူခြင်း ( Drug User Survey) ကို တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့မှာ လူမှုစီးပွားစစ်တမ်းကောက်ယူခြင်း( Socio-economic Survey) ကို CCDAC နှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ UNODC အနေဖြင့် နည်းပညာအပါအဝင် ငွေကြေးအကူအညီတွေလည်း ပံ့ပိုးပေးခဲ့ပါတယ်။

အမေရိကန်၊ ရုရှား၊ ကိုရီးယားနိုင်ငံတို့နဲ့ နှစ်နိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွေ ချုပ်ဆိုထားပြီးဖြစ်တဲ့အပြင် ဒေသတွင်း အာဆီယံနိုင်ငံများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပတ်သက်တဲ့ အာဆီယံမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၊ အာဆီယံလေကြောင်း ကြားဖြတ်စစ်ဆေးရေးတပ်ဖွဲ့အစည်းအဝေး၊ အာဆီယံပင်လယ်ဆိပ်ကမ်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ အစည်းအဝေးနဲ့ အာဆီယံ မူးယစ်ဆေးဝါးစောင့်ကြည့်စစ်ဆေးရေးကွန်ရက်အစည်းအဝေးတွေမှာလည်း မြန်မာနိုင်ငံအနေနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အာဆီယံလုပ်ငန်းစီမံချက်( ၂၀၁၆-၂၀၂၅) ကို အကောင်အထည်ဖော်ရာမှာ ရွှေတြိဂံဒေသမူးယစ်ဆေးဝါးအခြေအနေတွေက အရေးကြီးတဲ့အချက်တစ်ခုဖြစ်လို့ အာဆီယံအဖွဲ့ဝင် မဲခေါင်ဒေသတွင်း ငါးနိုင်ငံအနေနဲ့ " ရွှေတြိဂံဒေသ တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အာဆီယံပူးပေါင်းဆောင်ရွက်ရေးစီမံချက်( ၂၀၁၇-၂၀၁၉ )" ကိုလည်း ချမှတ်ဆောင်ရွက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံတွေနှင့် ပူးပေါင်းဆောင်ရွက်မှုတွေ၊ မဲခေါင် MoU လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ၊ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သဘောတူစာချုပ်တွေ၊ နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးထားပြီး နယ်စပ်ဆက်ဆံရေးရုံးတွေလည်း ဖွင့်လှစ်ကာ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ *စာမျက်နှာ ၇ သို့*



သံတောင်ကြီးမြို့နယ် လိပ်သိုမြို့အဝင်တွင် WY စိတ်ကြွရူးသွပ်ဆေးပြား ၆၉ သိန်း၊ ကာလတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၅ ဘီလီယံခန့် ဖမ်းဆီးရမိမှု။



တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်တွင် ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ကာလတန်ဖိုးငွေကျပ် ၁၄ ဒသမ ၃၆ ဘီလီယံခန့်ကို လက်နက်ငယ်အချို့နှင့်အတူ ဖမ်းဆီးရမိမှု။



တောင်ငူမြို့ (၇)မိုင်စစ်ဆေးရေးဂိတ်၌ WY စိတ်ကြွရူးသွပ်ဆေးပြား ၇,၆၀၀, ၀၀၀၊ ကာလတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၄ ဘီလီယံခန့် ဖမ်းဆီးရမိမှု။

# ထားဝယ်မြို့ရှိ ဘုန်းတော်ကြီးကျောင်းနှင့် ရိပ်သာများအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ထားဝယ် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုန်းတော်ကြီးကျောင်းနှင့် ရိပ်သာများတွင် သံဃာတော်များ ကိုဗစ်-၁၉ ကာလအတွင်း ဆွမ်းခံမထွက်ရသဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ သီတင်းသုံးနိုင်ရေး အတွက် တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး



ကောင်စီက ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ထားဝယ်မြို့ ဘုန်းတော်ကြီးကျောင်းများသို့ လှူဖွယ်ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ဆရာတော်များထံမှ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အနုမောဒနာတရား နာကြားခဲ့ကြသည်။ (ဝဲပုံ)

ထိုနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီက ထားဝယ်မြို့ ပန်းသုံးဝကျောင်း၊ ပခုက္ကူကျောင်းနှင့် ယိုးဒယားကျောင်းများအတွက် တစ်ကျောင်းလျှင် ဝတ္ထုငွေကျပ် ၂၁၁၀၀၀ ၊ ဆန် ၁၂ ပြည်ဝင် အိတ် ၂၀၊ ဆီ ၅ လီတာ ၁၀ ဘူး၊ အာလူး ၁၀ ပိဿာ နှစ်အိတ်၊ ကြက်သွန်နီ ၁၀ ပိဿာ နှစ်အိတ်၊ ကြက်သွန်ဖြူ ၁၀ ပိဿာ ၁၂ အိတ် ၊ ငါးခြောက် ၁၀ ပိဿာ စသည့်တို့ကို ဆက်ကပ်လှူဒါန်းသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကမ်းနားဈေးတွင် ကားပါကင်ပြုလုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ဗန်းမော်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အသုံးပြုရန် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ဗန်းမော် ဇူလိုင် ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် အတွင်း လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် အသုံးပြုနိုင်ရန်အတွက် အလှူရှင်များအား အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၃ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်က ခရိုင်အတွင်း၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်နိုင်ရေးအတွက် ကြပ်မတ်စစ်ဆေးနေခြင်းများ၊ အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရောဂါပိုးကူးစက်ခံရသည့် လူနာများအား ကျန်းမာရေး ဆေးကုသပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်သည့် ကုမ္ပဏီများကိုယ်စား ခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသဥ္ဇာကျော်မှ အလှူငွေကျပ် ၁၅ သိန်း၊ ဂရိတ်ကင်းမြန်မာ ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းခိုင်မှ အလှူငွေကျပ် ၁၀ သိန်း၊ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှ မြို့နယ်အကောက်ခွန် ဦးစီးမှူး ဦးထွဋ်မြတ်အောင်က အလှူငွေကျပ် ငါးသိန်း၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မင်းလှိုင်က ခေါင်းအုံး အလုံး ၅၀ ၊ ဟိန်းအောင်ဆီဆိုင် (မိသားစု)မှ စက်သုံးဆီ လေးပီပါ တို့ကို ပေးအပ်လှူဒါန်းကြရာ ဗန်းမော်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးအောင်ဆွေက လက်ခံရယူသည်။

ဆက်လက်၍ နယ်စပ်ကုန်သည်ကြီးများ အသင်းမှ အလှူငွေကျပ် သိန်း ၃၀၊ ထက်ရှိုင်းလင်းကုမ္ပဏီမှ ဒါရိုက်တာ ဦးနေထွန်းဦးက အလှူငွေကျပ် ငါးသိန်း၊ ကိုဘယ်ကြီးမှ အလှူငွေကျပ် ငါးသိန်း၊ ရွှေတောင်တန်းဆီဆိုင်မှ အလှူငွေကျပ် တစ်သိန်း၊ ဆုထူးပန် ကုမ္ပဏီမှ အလှူငွေကျပ် လေးသိန်း၊ အာရှမြန်မာကုမ္ပဏီမှ အလှူငွေကျပ် လေးသိန်း၊ မန်းပြည်တံခွန်ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ တက်နေလင်းမော်တော်ယာဉ်အသင်းမှ အလှူငွေကျပ် သုံးသိန်းနှင့် ဂရင်းရဲထွဋ်ကုမ္ပဏီမှ အလှူငွေ ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးကျော်မင်းခိုင်က လက်ခံရယူသည်။

ယင်းနောက် ဗန်းမော်ခရိုင် အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးတွင် ပါဝင်ကူညီဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်းအဖွဲ့များထံ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများကို ဗန်းမော်ခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကန့်ကြီးထောင့် မြို့မအားကစားရုံအား အသွားအလာကန့်သတ်ထိန်းချုပ်ရေးစင်တာအဖြစ် ထားရှိနိုင်ရေး ပြင်ဆင်လျက်ရှိ

**ကန့်ကြီးထောင့် ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ မြို့မအားကစားရုံအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးနှင့် ကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေသည့် ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ သံသယလူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ ထားရှိရန်အတွက် ဇူလိုင် ၅ ရက်မှစတင်၍ ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ မြို့မအားကစားရုံသည် မြို့နယ်ပြည်သူ့ဆေးရုံနှင့် ကပ်လျက်တည်ရှိပြီး လူနာများထားရှိရာတွင် အသင့်တော်ဆုံးနေရာတစ်ခု ဖြစ်သည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဇွန် ၂၂ရက်တွင် ပိုးတွေ့လူနာတစ်ဦး စတင်တွေ့ရှိခဲ့ပြီး ဇူလိုင် ၉ရက်အထိ ပိုးတွေ့လူနာ ၂၂၈ ဦးရှိပြီး ရောဂါသက်သာပျောက်ကင်းသဖြင့် ဆေးရုံဆင်းခွင့်ရရှိသူ ခုနစ်ဦး ၊ သေဆုံးသူ နှစ်ဦးနှင့် ကုသဆဲလူနာ ၂၁၉ ဦးရှိကြောင်း သိရသည်။

အဆိုပါ အသွားအလာကန့်သတ်ရေးစင်တာအဖြစ် ထားရှိရေး ပြင်ဆင်မှုများအတွက် ဌာနဆိုင်ရာများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဒေသခံမြို့မိမြို့ဖအလှူရှင်များမှ စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ ဆက်)**

*စာမျက်နှာ ၆ မှ*

**မူးယစ်ဆေးဝါးတားဆီး တိုက်ဖျက်ရေး လုပ်ငန်းတွေကို မည်သည့်နိုင်ငံရေးအခြေအနေ၊ မည်သို့သောအစိုးရလက်ထက်မှာ ဆောင်ရွက်သည် ဖြစ်စေ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအနေနဲ့ ဝိုင်းဝန်းကူညီပံ့ပိုးပေးသင့်ပါတယ်။ အဲဒီလို ပံ့ပိုးမှုမပြုလုပ်ပေးတဲ့အပြင် နိုင်ငံရေးရည်မှန်းချက်အပေါ်မူတည်ပြီး မူးယစ်ဆေးဝါး ပြဿနာကို မဟုတ်မမှန် ဝါဒဖြန့်ချိတာ၊ လူမှုကွန်ရက်ကို အသုံးပြုပြီး တည်ငြိမ်မှုပျက်ပြားအောင် စွပ်စွဲလှုံ့ဆော်မှုတွေဟာ မပြုလုပ်သင့်တဲ့ လုပ်ရပ်များသာ ဖြစ်ပါတယ်။ နိုင်ငံကြီးတစ်ခုက မိမိရဲ့ တရားဝင်သံရုံး Facebook စာမျက်နှာကို အသုံးပြုပြီး အခြားနိုင်ငံတစ်ခုရဲ့ နိုင်ငံရေးအခြေအနေကို ဖိအားပေးဖို့ မူးယစ်ဆေးဝါးပြဿနာကို ဝါဒဖြန့်ချိရေးအတွက် အသုံးချနေတာဟာ မသင့်တော်ဘူးလို့ ထင်မြင်ယူဆမိပါတယ်။**

မူးယစ်ဆေးဝါး တားဆီးထိန်းချုပ်ရေးပြဿနာဟာ မြန်မာအစိုးရအဆက်ဆက်အတွက် စိန်ခေါ်မှုကြီးဖြစ်ပါတယ်။ မူးယစ်ဆေးဝါးတွေ ထုတ်လုပ်ရောင်းချခြင်းပြုလုပ်နေတယ်ဆိုရင် မည်သည့် အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်ကိုမဆို နိုင်ငံတော်



ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာနှင့် အင်္ဂပူကျေးရွာအကြားတွင် အိုက် ၁၅၈၀ ကီလို ဖမ်းဆီးရရှိမှု။



တပ်မတော်(ရေ)မှ မြန်မာ-အိန္ဒိယ ရေပြင်နယ်နိမိတ်မျဉ်းအနီး ပင်လယ်ပြင်တွင် လှေပေါ်မှ အိုက်စ် ၁၅၀၀ ကီလို ဖမ်းဆီးရရှိမှု။

စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တရားဥပဒေ အရသော်လည်းကောင်း၊ နိုင်ငံတော်ရဲ့သိက္ခာ အရသော်လည်းကောင်း မည်သည့်နည်းနဲ့မျှ ခွင့်လွှတ်သည်းခံမှာ မဟုတ်ဘဲ ထိရောက် ပြတ်သားစွာ အရေးယူသွားမှာပဲ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချတဲ့ ကိစ္စရပ်တွေသာမကဘဲ အဆိုပါလုပ်ငန်းတွေကတစ်ဆင့် ဆက်စပ်ရရှိတဲ့ငွေတွေကို ခဝါချတဲ့လုပ်ငန်းတွေကိုလည်း နိုင်ငံဖြတ်ကျော် မှုခင်းတွေအဖြစ် သတ်မှတ်ပြီး နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ကာ ထိထိရောက်ရောက် တိုက်ဖျက်နှိမ်နင်းလျက်ရှိပါတယ်။ ဒီအချက်ဟာ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးနဲ့ ပတ်သက်လာရင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအစိုးရရဲ့ ခိုင်ခိုင်မြဲမြဲကိုင်စွဲ ဆောင်ရွက်နေတဲ့ မူဝါဒပဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး ပြဿနာတွေ ထိရောက်စွာနှိမ်နင်းနိုင်ဖို့ဆိုရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတချို့အနေနဲ့ မူးယစ်ဆေးဝါး ပြဿနာကို ဝါဒဖြန့်ချိရေးလောက်သာ အသုံးချမနေဘဲ မြန်မာနိုင်ငံရဲ့နိုင်ငံရေးနဲ့ လုံခြုံရေးအခြေအနေတွေကို မှန်ကန်စွာသုံးသပ်ပြီး အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်ကြောင်း သိစေ၊ ကြားစေချင်လို့ ညွှန်းသက်သေများနဲ့ အတူ တင်ပြလိုက်ရပါတယ်။ ။

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း(သီရိလင်္ကာနိုင်ငံ)

နေခြည်

## နိဒါန်း

သီရိလင်္ကာနိုင်ငံ၏ တရားဝင်အမည်မှာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ သီရိလင်္ကာနိုင်ငံဖြစ်ပြီး အိန္ဒိယနိုင်ငံ တောင်ဘက်ကမ်းလွန်ဒေသတွင် တည်ရှိပါသည်။ အိန္ဒိယသမုဒ္ဒရာ၊ မန်နာပင်လယ်ကွေ့နှင့် ပေါ့(ခ်) ရေလက်ကြားတို့ဖြင့် ဝန်းရံထားပြီး အိန္ဒိယနှင့် မော်လဒိုက်နိုင်ငံအနီးတွင် တည်ရှိပါသည်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်မှု မရှိသော်လည်း တောင်အာရှရှိ မြန်မာ့အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ လူဦးရေအားဖြင့် ၂၁ သန်းကျော်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူ ၁၆,၂၆၃,၈၈၅ ဦး ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ၂၅၃၃၀ စတုရန်းမိုင်ကျယ်ဝန်းပြီး ခရိုင် ၂၅ ခု၊ ပြည်နယ် ၉ ခုတို့ဖြင့် ပိုင်းခြားသတ်မှတ်ဖွဲ့စည်းထားပါသည်။

သီရိလင်္ကာနိုင်ငံသည် ကိုလိုနီလက်အောက်မကျရောက်ခင်အထိ သက်ဦးဆံပိုင်ဘုရင်စနစ် ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ပေါ်တူဂီ၊ ဒတ်ချ်နှင့် ဗြိတိသျှတို့၏လက်အောက် ကျရောက်ခဲ့ရပြီး ၎င်းတို့အုပ်စိုးချိန်တွင် နိုင်ငံစီမံအုပ်ချုပ်ရေးစနစ်များ၌ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။ Colebrook–Cameron ကော်မရှင် (စီမံအုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ဗြိတိသျှမှ ဖွဲ့စည်းပေးထားသည့်ကော်မရှင်) ၏ အကြံပြုချက်ဖြင့် ထိုအခါက Ceylon ဟု အမည်မှည့်ခေါ်သော သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးဥပဒေပြုအဖွဲ့အစည်းများဖြစ်သည့် စီမံအုပ်ချုပ်မှုကောင်စီနှင့် ဥပဒေပြုကောင်စီတို့ကို မြို့တော်ဝန် Sir Robert Horton က ၁၈၃၃ ခုနှစ်တွင် စတင်သန္ဓေတည်ပေးခဲ့ပါသည်။

ပါလီမန်စနစ်ကို ၁၉၄၄ ခုနှစ်နောက်ပိုင်းတွင် စတင်ကျင့်သုံးခဲ့ပြီး ပါလီမန်၌ ဘုရင်မကိုယ်စား ဆောင်ရွက်သော ဘုရင်ခံချုပ်နှင့် လွှတ်တော်နှစ်ရပ်ဖြစ်သော အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ် ၁၀၁ ဦးပါဝင်ပြီး အထက်လွှတ်တော်တွင် ဘုရင်ခံချုပ်က အဆိုပြုထားသည့် ကိုယ်စားလှယ် ၁၅ ဦးနှင့် အောက်လွှတ်တော်မှ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ် ၁၅ ဦး စုစုပေါင်း ၃၀ ပါဝင်ပါသည်။ အထက်လွှတ်တော်ကို ၁၉၇၁ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပါသည်။ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှု အကျိုးဆက်အဖြစ် ဥပဒေပြုလွှတ်တော်ကို အောက်ဖော်ပြပါအတိုင်း အမည်နာမအမျိုးမျိုး ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည် –

- ဥပဒေပြုကောင်စီ ၁၈၃၃ – ၁၉၃၁ (ကိုယ်စားလှယ် ၄၉ ဦး)
- ပြည်နယ်ကောင်စီ ၁၉၃၁ – ၁၉၄၇ (ကိုယ်စားလှယ် ၆၁ဦး)
- အောက်လွှတ်တော် ၁၉၄၇ – ၁၉၇၂ (ကိုယ်စားလှယ် ၁၀၁ ဦးနှင့် ၁၉၆၀ နောက်ပိုင်းတွင် ကိုယ်စားလှယ် ၁၅၇ ဦး)
- အမျိုးသားအဆင့်ညီလာခံ ၁၉၇၂ – ၁၉၇၈ (ကိုယ်စားလှယ် ၁၆၈ ဦး )
- ပါလီမန် ၁၉၇၈ မှ ယနေ့အထိ (ကိုယ်စားလှယ် ၂၂၅ ဦး)

၁၉၇၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရအဖွဲ့ကို မဲဆန္ဒရှင်ပြည်သူများမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်သော နိုင်ငံတော်သမ္မတက အကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်ပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတသည် ကြည်း၊ ရေ၊ လေ တပ်များ၏ ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်မှုများ

သီရိလင်္ကာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် ပုဒ်မအများစုကို လွှတ်တော်ကိုယ်စားလှယ် သုံးပုံ နှစ်ပုံ၏ ထောက်ခံချက်ဖြင့်သာ ပြင်ဆင်ခွင့်ရှိပါသည်။ သို့သော် ဘာသာစကား၊ ဘာသာရေး၊ နိုင်ငံရေးစနစ်တို့နှင့်စပ်လျဉ်းသောပုဒ်မများကို ပြင်ဆင်လိုပါက လွှတ်တော်ကိုယ်စားလှယ် သုံးပုံနှစ်ပုံ၏ ထောက်ခံချက်အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူများ၏ ဆန္ဒခံယူပြီးမှသာ ပြင်ဆင်ခွင့်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့သည့် ၁၉၇၈ ခုနှစ်မှ လက်ရှိအချိန်ထိ ပြင်ဆင်မှုပေါင်း အကြိမ် ၂၀ ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။ အကြိမ် ၂၀ မြောက်ပြင်ဆင်မှုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

## ရွေးကောက်ပွဲကော်မရှင်နှင့် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ

ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီ၏ထောက်ခံချက်ဖြင့် သမ္မတက ခန့်အပ်သော အဖွဲ့ဝင်ငါးဦးနှင့် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းထားပြီး အဖွဲ့ဝင်ငါးဦးအနက် တစ်ဦးကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပါသည်။ သက်တမ်းသည် ငါးနှစ် ဖြစ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူ ကျင်းပပေးသော ရွေးကောက်ပွဲများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် –

၁။ သမ္မတရွေးကောက်ပွဲ၊
၂။ ပါလီမန်ရွေးကောက်ပွဲ၊
၃။ ပြည်နယ်ကောင်စီရွေးကောက်ပွဲ၊
၄။ ဒေသအာဏာပိုင်ရွေးကောက်ပွဲ၊
၅။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ။

> **“၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခင်အသုံးပြုခဲ့သော ရွေးကောက်ပွဲစနစ်ဖြစ်သည့် အများဆုံးရသူအနိုင်ယူ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) ကို မဲဆန္ဒနယ် ၂၂ ခု သတ်မှတ်၍ ပြောင်းလဲကျင့်သုံးရန် ဖော်ပြထား၊ မဲဆန္ဒနယ် တစ်နယ်ချင်းစီအလိုက်ရရှိမည့် ကိုယ်စားလှယ် နေရာ ခွဲဝေခြင်းကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၉၈ ( ၈ ) အရ ရွေးကောက်ပွဲ ကော်မရှင်မှ ဆောင်ရွက်”**

သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသော ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲဖြစ်သည့် ပထမအကြိမ် ပြည်နယ်ကောင်စီရွေးကောက်ပွဲ ( 1st State Council ) ကို ၁၉၃၁ ခုနှစ်တွင် ကျင်းပခဲ့ပြီး လွှတ်တော်သက်တမ်းသည် ၄ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်နယ်ကောင်စီ ရွေးကောက်ပွဲ ( 2nd State Council ) ကို ၁၉၃၆ ခုနှစ်တွင် ကျင်းပခဲ့ပြီး လွှတ်တော်သက်တမ်း ၁၁ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။ ယင်းနောက် ပါလီမန်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပြီး ပထမအကြိမ် ပါလီမန်လွှတ်တော်၏ အောက်လွှတ်တော်ရွေးကောက်ပွဲကို ၁၉၄၇ ခုနှစ်တွင် ကျင်းပခဲ့ကာ သက်တမ်း ၄ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။

၁၅၀၅ ခုနှစ်တွင် ပေါ်တူဂီလက်အောက်သို့ကျရောက်၍ ကိုလိုနီနိုင်ငံဖြစ်ခဲ့ရသော သီရိလင်္ကာနိုင်ငံသည် ၁၆၅၈ ခုနှစ်တွင် ဒတ်ချ်လက်အောက်သို့လည်းကောင်း၊ ၁၇၉၆ ခုနှစ်တွင် ဗြိတိသျှလက်အောက်သို့လည်းကောင်း ဆက်လက်ကျရောက်ခဲ့ရပြီးနောက် ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။

လွတ်လပ်ရေးရပြီးသည့်နောက်တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲတို့ကို ပုံမှန်ကျင်းပပေးခဲ့ပါသည်။ စတုတ္ထအကြိမ်ကို ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျင်းပခဲ့ပြီး သက်တမ်း ၂၄ ရက်သာ ကြာမြင့်ခဲ့ကာ ဧပြီလ ၂၃ ရက်နေ့တွင် လွှတ်တော်ကိုဖျက်သိမ်း၍ ပဉ္စမအကြိမ်ကို ၁၉၆၀ ပြည့်နှစ် မေလ ၂၀ ရက်တွင် ထပ်မံကျင်းပပေးခဲ့ပါသည်။ ယင်း လွှတ်တော်သက်တမ်းသည် ၄ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ်တို့ကိုလည်း ပုံမှန်ကျင်းပပေးခဲ့ပြီး သတ္တမအကြိမ်လွှတ်တော်သည် သက်တမ်း ၁ နှစ်ကျော်သာ ကြာမြင့်ခဲ့ကာ နောက်ပိုင်းတွင် လွှတ်တော်ကို အမျိုးသားအဆင့်ညီလာခံဟု ပြောင်းလဲသတ်မှတ်၍ ယခင်ရွေးကောက်တင်မြှောက်သည့် ကိုယ်စားလှယ် ၁၅၇ ဦးအစား ကိုယ်စားလှယ် ၁၆၈ သို့ ပြောင်းလဲရွေးကောက် တင်မြှောက်ခဲ့ပါသည်။

အမျိုးသားအဆင့်ညီလာခံကို နှစ်ကြိမ်သာကျင်းပခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပြဋ္ဌာန်းကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးသော ပါလီမန်လွှတ်တော်ရွေးကောက်ပွဲကို ၁၉၇၈ ခုနှစ်တွင် ကျင်းပပေးခဲ့ပါသည်။ သက်တမ်းအားဖြင့် ၁၀ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။ ယင်းနောက် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပပေးခဲ့ပြီး လွှတ်တော်သက်တမ်းကို ငါးနှစ်သတ်မှတ်ခဲ့ပါသည်။ သို့သော် စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်လွှတ်တော်များသည် သက်တမ်း ၁ နှစ်နှင့် ၂ နှစ်စီသာ ကြာမြင့်ခဲ့ကြပါသည်။ ၉ ကြိမ်မြောက် ပါလီမန်လွှတ်တော် ရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ မဲပေးပိုင်ခွင့်ရှိသူ ၁၆,၂၆၃,၈၈၅ ဦးရှိခဲ့ပြီး မဲပေးသူ ရာခိုင်နှုန်း ၇၅ ဒသမ ၈၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

## ပါလီမန်ရွေးကောက်ပွဲ မဲဆန္ဒနယ်သတ်မှတ်ခြင်း

သီရိလင်္ကာနိုင်ငံကို ခရိုင် ၂၅ ခရိုင်၊ ပြည်နယ် ၉ ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ ပါလီမန်ရွေးကောက်ပွဲ ကျင်းပမည်ဆိုပါက အဆိုပါ ခရိုင် ၂၅ ခရိုင်အား မဲဆန္ဒနယ် ၂၂ နယ်အဖြစ် သတ်မှတ်ဆောင်ရွက်ပါသည်။ မဲဆန္ဒနယ်တစ်နယ်ချင်းအလိုက် ကိုယ်စားလှယ်အရေအတွက် ညီမျှစွာရရှိစေရန်အလို့ငှာ မဲဆန္ဒနယ်ပိုင်းခြားသတ်မှတ်ခြင်းကို ၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နယ်မြေပိုင်းခြားသတ်မှတ်ရေးကော်မရှင် (Delimitation Commi–ssion) က တာဝန်ယူဆောင်ရွက်ပါသည်။

## ပါလီမန်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ

ဆန္ဒမဲပေးပိုင်ခွင့်အရည်အချင်းများနှင့် ပြည့်စုံသူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၁ ရှိ အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီနေသူများမှအပ ပါလီမန်ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည် –

- တရားရေးအရာရှိသော်လည်းကောင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြည်သူ့အဖွဲ့အစည်းတစ်ခုခု၏ အရာရှိသော်လည်းကောင်း ဖြစ်သူ၊
- ရဲတပ်ဖွဲ့၊ ကြည်းတပ်၊ ရေတပ် သို့မဟုတ် လေတပ်တွင် တာဝန်ထမ်းဆောင်နေသူ၊
- သက်ဆိုင်ရာဥပဒေအရ လူမွဲအဖြစ် သတ်မှတ်ခြင်းခံရသူ၊
- ပါလီမန်နှင့် ဆက်စပ်ဆောင်ရွက်ရသော အစိုးရ သို့မဟုတ် ပြည်သူ့အဖွဲ့အစည်းတစ်ခုခု ၏ လုပ်ငန်းပိုင်းတွင် ကိုယ်ကျိုးစီးပွား ပါဝင်ပတ်သက်နေသူ၊
- မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ သို့မဟုတ် မဲဆန္ဒနယ်တစ်နယ်ရှိ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလအစုအဖွဲ့ တစ်ခုထက်ပို၍ ကိုယ်စားပြုသူ။

## ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း

ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒနယ်အလိုက် ပါလီမန်တွင် ရရှိမည့် ကိုယ်စားလှယ်နေရာ အရေအတွက်ကို ကြေညာပြီးသည့်နောက်တွင် နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလ အစုအဖွဲ့ တို့သည် ၎င်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်အလိုက်ရရှိသည့် ကိုယ်စားလှယ် နေရာအရေ အတွက်ထက် ( ၃ ) ဦးပို၍ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းရမည်ဖြစ်ပါသည် (အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လျှင်ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ အစားထိုးနိုင်ရန် ဖြစ်ပါသည်)။

ထို့ပြင် အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ်နေရာ ၂၉ နေရာအတွက်လည်း ကိုယ်စားလှယ်လောင်းအမည်စာရင်းကို အမည်စာရင်းတင်သွင်းရန် ခွင့်ပြုထားသည့် နေ့ရက်အတွင်း တင်သွင်းပေးရမည် ဖြစ်ပါသည်။

စာမျက်နှာ ၉ သို့

## ကျောက်ဆည်၌ ပန်းခင်းစီမံချက်အကြောင်း ဆွေးနွေးပွဲပြုလုပ်

**ကျောက်ဆည် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ပန်းခင်းစီမံချက်အကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသောင်းဒန်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးရာတွင် ပြည်သူများအား (၁)လက်ရှိဇာတိတွင် အမြဲနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသေးသူများ၊ (၂)လက်ရှိဇာတိဒေသတွင် အမြဲနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်း မရှိ၊ ကိုင်ဆောင်လက်မှတ် မရှိသူများ၊ (၃)ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ် မရှိသူများနှင့် (၄)ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ် မရှိသေးသူများဟု အမျိုးအစား လေးမျိုးခွဲ၍ ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကျင်ကျင်ထွန်းက တိုင်းရင်းသားများအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ရာတွင် အထောက်အထားပြည့်စုံမှုမရှိဘဲ အခက်အခဲများရှိခဲ့ပါက ကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကျင်တင်က ၎င်းတို့ဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ရန် သွေးအမျိုးအစား စစ်ဆေးခြင်းကို အခမဲ့ဖြစ်အောင် ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ **သက်မောင်(ကျောက်ဆည်)**




## နမ္မတူမြို့နယ် မြို့မဈေးကြီးကို ဇူလိုင် ၁၁ ရက်မှစ၍ တစ်ပတ်ကြာ ပိတ်ထားမည်

**နမ္မတူ ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နမ္မတူမြို့နယ် မြို့မဈေးကြီးကို ဇူလိုင် ၁၁ ရက်မှ စတင်ကာ ဇူလိုင် ၁၇ ရက်အထိ တစ်ပတ်ကြာ ယာယီ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့၏ ဇူလိုင် ၈ ရက် အစည်းအဝေးမှ ဆုံးဖြတ်ချက်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ ဇူလိုင် ၉ ရက် အစည်းအဝေးမှ ဆုံးဖြတ်ချက်အရ မြို့မဈေးကို တစ်ပတ်ကြာ ယာယီပိတ်ထားရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ဈေးအတွင်းသာမက ဈေးအနီးရှိ ဈေးပတ်လမ်း၏ လက်ဝဲလက်ယာတစ်လျှောက်နှင့် ဈေးအနီးရှိ ကိုယ်ပိုင်နေအိမ်များတွင် ဖွင့်လှစ်ထားသောဆိုင်များ၊ အိမ်များ၏ မျက်နှာစာရှေ့မှ ဆိုင်ခန်းများ၊ ပျံကျဈေးဆိုင်များ ဖွင့်လှစ်ခြင်း၊ ယာဉ်တစ်မျိုးမျိုး အသုံးပြု၍ ရွေ့လျားစနစ်ဖြင့် ရောင်းချခြင်းများကိုလည်း လုံးဝ ခွင့်မပြုကြောင်း မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ သိရသည်။

နမ္မတူမြို့မဈေးကို တစ်ပတ်ကြာ ယာယီ ပိတ်ထားသည့် အချိန်အတွင်း နမ္မတူမြို့နယ် ပန်ဟိုက်ရပ်ကွက်(၆) ဘောလုံးကွင်းရှိ ယာယီပျံကျဈေးကိုမူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နမ္မတူမြို့နယ်တွင် ဇွန် ၁၆ ရက်မှ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ ၂၁ ဦးရှိပြီး ရောဂါပိုးကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ ငါးဦး၊ သေဆုံးသူ နှစ်ဦးနှင့် ပြည်သူ့ဆေးရုံ သီးသန့်ဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသူ ၁၄ ဦးရှိကြောင်း နမ္မတူမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။ **လှမော်(ပြန်/ဆက်)**



ဈေးဖွင့်သည့် ဇူလိုင် ၉ ရက်က နမ္မတူမြို့မဈေးကြီးအတွင်းမှ ဆိုင်ခန်းများ။

## ကိုဗစ်-၁၉ ရောဂါပိုးရှိ/မရှိကို စစ်ကိုင်းမြို့ သီတဂူအာယုဒါနဆေးရုံ၌ Test Kit ဖြင့် စစ်ဆေးပေး

**စစ်ကိုင်း ဇူလိုင် ၁၀**

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ သံဃာတော်များနှင့် ဝန်ထမ်းများ၊ သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်ရှိ ဝန်ထမ်းများနှင့် အာယုဒါနဆေးရုံ ဝန်ထမ်းများတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိကို ကျန်းမာရေးဝန်ထမ်းများက Test Kit များဖြင့် ဇူလိုင် ၉ ရက် နံနက်ပိုင်းက စစ်ဆေးပေးခဲ့သည်။

ကျန်းမာရေးစစ်ဆေးပေးရာတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရှိ သံဃာတော် အပါး ၄၀၊ သီလရှင် တစ်ပါးနှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၁၄၄ ဦးတို့အား စစ်ဆေးပေးခဲ့ရာ သံဃာတော်နှင့် သီလရှင်များတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခြင်းမရှိဘဲ လူပုဂ္ဂိုလ်များထဲတွင်မူ ရှစ်ဦးမှာ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာဆေးရုံများတွင် သီးသန့်ထားရှိကာ ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူ အာယုဒါနဆေးရုံ၌ ကိုဗစ်-၁၉ စစ်ဆေးပေးရာသို့ စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းစိန်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်မ ဌာနချုပ်မှ တာဝန်ရှိသူများက လာရောက်ကြည့်ရှု ကူညီပေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူများအား အားပေးစကားများပြောကြား၍ အသိပညာပေး ဆွေးနွေးမှုများလည်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


*စာမျက်နှာ ၈ မှ*

### သီရိလင်္ကာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်

၁၉၇၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယခင်အသုံးပြုခဲ့သော ရွေးကောက်ပွဲစနစ်ဖြစ်သည့် အများဆုံးရသူအနိုင်ယူ ( FPTP ) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် ( PR ) ကို မဲဆန္ဒနယ် ၂၂ ခု သတ်မှတ်၍ ပြောင်းလဲကျင့်သုံးရန် ဖော်ပြထားပါသည်။ မဲဆန္ဒနယ်တစ်နယ် ချင်းစီအလိုက်ရရှိမည့် ကိုယ်စားလှယ်နေရာ ခွဲဝေခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ ( ၈ ) အရ ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ပါသည်။

၁၉၇၈ ခုနှစ်နောက်ပိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အမျိုးမျိုးရှိခဲ့သော်လည်း လက်ရှိတွင် ကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်အရ ပါလီမန်ကို ကိုယ်စားလှယ် ၂၂၅ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ အဆိုပါ ကိုယ်စားလှယ် ၂၂၅ ဦးကို မဲဆန္ဒနယ်နှင့် ပြည်နယ်အပေါ် အခြေခံရွေးချယ်သည့် ကိုယ်စားလှယ် ၁၉၆ ဦးနှင့် အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၂၉ ဦးအဖြစ် သတ်မှတ်ထားပါသည်။ မဲဆန္ဒနယ်နှင့် ပြည်နယ်အပေါ် အခြေခံ ရွေးချယ်သည့် ကိုယ်စားလှယ် ၁၉၆ ဦးကို မဲဆန္ဒနယ် ၂၂ နယ်မှ လည်းကောင်း၊ အမျိုးသားမဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၂၉ ဦးကို တစ်နိုင်ငံလုံးအား မဲဆန္ဒနယ်တစ်နယ်အဖြစ်သတ်မှတ်ပြီး အမျိုးသားကိုယ်စားလှယ်စာရင်း (National List) အပေါ် အခြေခံ၍ လည်းကောင်း ရွေးကောက်တင်မြှောက်ပါသည်။

မဲဆန္ဒနယ်နှင့် ပြည်နယ်အပေါ်အခြေခံရွေးချယ်သည့် ကိုယ်စားလှယ် ၁၉၆ ဦးကို ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် ၃၆ ဦးနှင့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် ၁၆၀ ဦးအဖြစ် ထပ်မံခွဲခြား သတ်မှတ်ထားပါသည်။




( ပုံ - ၁ ) သီရိလင်္ကာနိုင်ငံပါလီမန် ဖွဲ့စည်းမှု

### မဲဆန္ဒနယ်တစ်နယ်အတွက် ကိုယ်စားလှယ်နေရာ အရေအတွက် သတ်မှတ်ခြင်း

မဲဆန္ဒနယ်တစ်နယ်တွင်ရရှိမည့် ကိုယ်စားလှယ်နေရာ အရေအတွက် သတ်မှတ်ရာတွင် ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် အရေအတွက်နှင့် မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် အရေအတွက် တို့ကို ပေါင်းခြင်းဖြင့် ရရှိသည့်အရေအတွက်ကို သတ်မှတ်ပါသည်။

ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် + မဲဆန္ဒနယ်ကိုယ်စားပြု ကိုယ်စားလှယ် = မဲဆန္ဒနယ်တစ်နယ်အတွက်ရရှိမည့် ကိုယ်စားလှယ်အရေအတွက်

### ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ် နေရာအရေအတွက် သတ်မှတ်ခြင်း

သီရိလင်္ကာနိုင်ငံကို ပြည်နယ် ၉ ပြည်နယ်ဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်တစ်ခုလျှင် ပြည်နယ်ကိုယ်စားပြုကိုယ်စားလှယ် ၄ ဦးနှုန်းနှင့် ၃၆ ဦးကို ရွေးကောက်တင်မြှောက်ပါသည်။ ပြည်နယ်တစ်ပြည်နယ် ချင်းစီတွင် ပါဝင်သည့် မဲဆန္ဒနယ်များ၌ ကိုယ်စားလှယ်ခွဲဝေမှုကို Delimitation Commission က သတ်မှတ်ပေးပါသည်။ ပြည်နယ် ၉ ပြည်နယ်တွင် မဲဆန္ဒနယ် ၂၂ နယ် သတ်မှတ်ထားပြီး ကိုယ်စားလှယ် နေရာ တစ်နေရာရရှိသည့် မဲဆန္ဒနယ် ၉ နယ်၊ ကိုယ်စားလှယ်နေရာ နှစ်နေရာရရှိသည့် မဲဆန္ဒနယ် ၁၂ နယ်နှင့် ကိုယ်စားလှယ်နေရာ သုံးနေရာရရှိသည့် မဲဆန္ဒနယ် ၁ နယ်ဟု ခွဲဝေသတ်မှတ်ထားပါသည်။ (ပုံ – ၂ )




( ပုံ - ၂ ) ကိုယ်စားလှယ်နေရာ ၃၆ နေရာကို မဲဆန္ဒနယ် ၂၂ ၌ ခွဲဝေသတ်မှတ်ပေးခြင်း

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၈ ရက်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းစိစစ်တွေ့ချက်များနှင့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက် စစ်ဆေးခဲ့မှုအခြေအနေ မြို့နယ်အလိုက် စိစစ်တွေ့ရှိမှုစာရင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေတစ်ခုချင်းအလိုက် စိစစ်တွေ့ရှိမှု စာရင်းချုပ်များကို ၁၆-၂-၂၀၂၁ ရက်နေ့မှ ၇-၇-၂၀၂၁ ရက်နေ့အထိ စိစစ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။**

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့သော မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးခဲ့ရာ မြို့နယ်တိုင်းတွင်လည်းကောင်း၊ မဲရုံတိုင်းတွင်လည်းကောင်း မဲစာရင်းအရေအတွက် များပြားစွာမှားယွင်းမှုများ ဖြစ်ပွားခဲ့ကြောင်းတွေ့ရှိရပြီး ထိုသို့ဖြစ်ပွားရခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ထိုသို့ စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများ၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်နေသူများကို ခွဲခြား၍ မြို့နယ်အလိုက် စစ်ဆေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အပြန်အလှန်စစ်ဆေးခြင်း (Cross Check)၊ တစ်နိုင်ငံလုံး အပြန်အလှန်စစ်ဆေးခြင်း (Cross Check) များအရ မဲစာရင်းထပ်နေသူများ၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူများနှင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင်ပါဝင်နေသူ စာရင်းများအရ မဲမသမာမှုဖြစ်ပွားခဲ့သော မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၁၃၉၀ ဦးဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအလိုက် စာရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းစစ်ဆေးတွေ့ရှိချက်**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | UEC မဲစာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| | | နိုင်ကတ်မရှိ | (၃) ကြိမ်အထက် | (၂) ကြိမ် | တိုင်း/ ပြည်နယ် Cross Check | ၁၀၀ နှစ်အထက် | ၁၈ နှစ်အောက် | |
| ၁ | ကချင် | ၉၂၄၅၂ | ၇၆၃၃ | ၁၀၂၈၇၆ | ၆၀၅၉၀ | ၆၇၉ | ၄၉၇ | ၂၆၄၇၂၇ |
| ၂ | ကယား | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ | ၅၉၁၂ | ၂၃၈ | ၄၄ | ၂၉၃၅၆ |
| ၃ | ကရင် | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၃၀ | ၁၅၂၉၄ | ၉၁၇ | ၈၂၂ | ၄၀၂၄၇၄ |
| ၄ | ချင်း | ၁၅၅၈၀ | ၂၉၈၁ | ၃၄၂၄၈ | ၁၉၅၄ | ၃၆၆ | ၁၈၅ | ၅၅၃၁၄ |
| ၅ | စစ်ကိုင်း | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ | ၇၁၈၇၂ | ၁၈၉၇ | ၁၄၆၆ | ၉၁၂၈၅၅ |
| ၆ | တနင်္သာရီ | ၁၉၃၉၉၁ | ၈၁၂၀ | ၁၁၂၇၅၆ | ၂၈၉၅၈ | ၇၀၈ | ၃၆၆ | ၃၄၄၈၉၉ |
| ၇ | ပဲခူး | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ | ၆၁၀၀၈ | ၁၉၈၅ | ၈၇၇ | ၁၃၄၁၇၀၁ |
| ၈ | မကွေး | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ | ၄၅၂၄၂ | ၁၅၆၇ | ၆၅၀ | ၆၅၁၈၉၅ |
| ၉ | မန္တလေး | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ | ၂၁၇၆၆၈ | ၃၁၅၁ | ၁၂၃၉ | ၁၁၆၅၂၀၆ |
| ၁၀ | မွန် | ၃၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ | ၂၆၈၂၈ | ၉၀၂ | ၄၈၅ | ၅၂၁၄၇၂ |
| ၁၁ | ရခိုင် | ၇၇၅၇၃ | ၄၁၀၁ | ၄၇၇၁၂ | ၃၅၉၈ | ၃၄၁ | ၂၂၃ | ၁၃၃၅၄၈ |
| ၁၂ | ရန်ကုန် | ၇၄၇၁၃၈ | ၁၁၀၇၀ | ၂၆၉၄၁၂ | ၄၀၅၃၆၆ | ၂၂၂၂ | ၁၉၀၉ | ၁၄၃၇၁၁၇ |
| ၁၃ | ရှမ်း | ၆၁၆၅၃၁ | ၂၂၆၉၇ | ၃၀၉၂၄၈ | ၆၉၀၅၄ | ၂၅၉၇ | ၁၉၉၆ | ၁၀၂၂၁၂၃ |
| ၁၄ | ဧရာဝတီ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ | ၃၉၇၄၂ | ၂၇၀၇ | ၃၃၃၉ | ၁၃၇၄၃၅၇ |
| ၁၅ | ပြည်ထောင်စု နယ်မြေ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ | ၃၈၆၉၀ | ၂၈၉ | ၃၁၄ | ၂၃၀၇၄၈ |
| | ပေါင်း | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၁၀၉၁၇၇၆ | ၂၀၅၆၆ | ၁၄၄၁၂ | ၉၈၈၇၇၉၂ |
| | တစ်နိုင်ငံလုံး Cross Check | | | | ၁၄၁၇၅၉၈ | | | ၁၄၁၇၅၉၈ |
| | စုစုပေါင်း | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၂၅၀၉၃၇၄ | ၂၀၅၆၆ | ၁၄၄၁၂ | ၁၁၃၀၅၁၃၉၀ |

၄။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၈၂၇၁၄၄၇ ဖြစ်ကြောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပြီး အဆိုပါ မဲဆန္ဒရှင်စာရင်းများကို စိစစ်ခဲ့ရာ မဲမသမာမှုဖြစ်ပွားသည့် အရေအတွက် ၁၁၃၀၅၁၃၉၀ (၂၉.၅၄ ရာခိုင်နှုန်း) ဖြစ်သည်ကို အောက်ပါအတိုင်းတွေ့ရှိကြောင်း ထုတ်ပြန်အပ်ပါသည် -

| | | |
|---|---|---|
| (က) | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ | ၄၈၆၉၄၂၇ ဦး |
| ( ခ ) | နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ | ၂၉၅၄၀၅ ဦး |
| ( ဂ ) | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူ | ၃၅၉၆၂၀၆ ဦး |
| (ဃ) | တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ မြို့နယ်အလိုက် အပြန်အလှန် စစ်ဆေးခြင်း (Cross Check) | ၁၀၉၁၇၇၆ ဦး |
| ( င ) | အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင်ပါဝင်နေသူ | ၂၀၅၆၆ ဦး |
| ( စ ) | ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ | ၁၄၄၁၂ ဦး |
| (ဆ) | တစ်နိုင်ငံလုံး တိုင်းဒေသကြီး/ ပြည်နယ်အချင်းချင်း အပြန်အလှန် စစ်ဆေးခြင်း (Cross Check) | ၁၄၁၇၅၉၈ ဦး |
| ( ဇ ) | မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲဆန္ဒရှင်အရေအတွက်စုစုပေါင်း | **၁၁၃၀၅၁၃၉၀ဦး** |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာ များလာ၍ ကိုဗစ် လူနာဆောင်တိုးချဲ့ ကုသ

**မြိတ် ဇူလိုင် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာ များလာသည့်အတွက် ကန်ခေါင်းရပ်ကွက်ရှိ ယာယီပိတ်ထားသော ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကုသဆောင်သို့ ဇူလိုင် ၉ ရက် က တိုးချဲ့ကာ ကျန်းမာရေး စောင့်ရှောက်ကုသ ပေးလျက်ရှိကြောင်း သိရသည်။

"လူနာတွေက များလာတော့ ပြည်သူ့ဆေးရုံ သီးခြားလူနာဆောင်မှာ ၈၀ လောက်ပဲ ဆံ့တော့ ၈၅ ဦး ဖြစ်လာတော့ ရောဂါအခံနဲ့ အောက်ဆီဂျင် ရှူရမယ့်သူတွေ ထားလို့ရအောင် မိခင်နှင့်ကလေး ကုသဆောင်ဘက်ကို မနေ့ကပိုးရှိပြီး လက္ခဏာမရှိတဲ့ ၂၂ ဦးကို ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပါတယ်။ ကုသရေးစင်တာအနေနဲ့ ပြည်သူ့ဆေးရုံကြီးနှင့် မိခင်နှင့် ကလေး ကုသဆောင်မှာ ဆောင်ရွက်နေပြီး ထပ်မံလိုအပ်ပါက ဇီဝိတဒါန သံဃာ့ဆေးရုံမှာ ဆက်လက်ဖွင့်မှာပါ" ဟု ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီးက ပြောသည်။

မြိတ်ပြည်သူ့ဆေးရုံ၌ ဇူလိုင် ၉ ရက်အထိ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ၈၅ ဦးရှိနေပြီး ဆေးကုသမှုခံယူလျက်ရှိကြကြောင်း၊ မြိတ်ပြည်သူ့ဆေးရုံတွင် မေ ၂၃ ရက်မှ စတင်၍ ဇူလိုင် ၉ ရက်အထိ ရောဂါပိုးတွေ့ရှိသူ ၁၇၇ ဦးရှိခဲ့ပြီး ဆေးရုံမှပြန်ဆင်းသူ ၉၂ ဦးရှိ၍ သေဆုံးသူ လေးဦးရှိခဲ့ကြောင်း သိရသည်။

မြိတ်မြို့ရှိပြည်သူများအား မြန်မာနိုင်ငံဆရာဝန်များအသင်း(မြိတ်)မှ စေတနာ့ဝန်ထမ်းဆရာဝန်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပရဟိတစေတနာ့ဝန်ထမ်းအဖွဲ့များ ပူးပေါင်းကာ သံဃာ့ဆေးရုံတွင် ဇူလိုင် ၅ ရက် နံနက်ပိုင်းမှ စတင်ကာ ဖျားနာအခမဲ့ဆေးကုသခန်းအား အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ ဖွင့်လှစ်၍ အနံ့ပျောက်၊ ဖျားနာ လူနာများအား အခမဲ့ကုသပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

❑ *ကျော်ဖုံးမှ*


စစ်ဆေးနေစဉ် မြဝတီမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်နေ ဇော်ဇော်အောင် (၃၅ နှစ်) (ဘ)ဦးသန်းဌေး မောင်းနှင်ပြီး ကျော်လွင်(၄၅ နှစ်) (ဘ)ဦးမြအောင် လိုက်ပါလာသော YGN 6C/3110 Hyundai ခရီးသည်တင် မှန်လုံယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်၏ ဝမ်းဗိုက်အတွင်း တင်ဆောင်လာသော “စည်သူ” အမည်ပါ ကတ်ထူပုံးအတွင်းမှ ပွိုင့် ၄၅ ( ငွေရောင် ) ပစ္စတို ၁ လက်နှင့် ပွိုင့် ၃၈ ကျည်တောင့် ၁၀၀ ၊ Air Gun လေးလက်နှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ကတ်ထူပုံးပေါ်တွင် ရေးသားထားသည့် “စည်သူ” အမည်ကို ဆက်လက် စုံစမ်းဖော်ထုတ်ခဲ့ရာ ဇွန် ၂၇ ရက် ည ၁၀ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ၁၆၁ လမ်း တိုက်အမှတ်(၈)၊ (၈)လွှာရှိ တိုက်ခန်း၌ မျိုးစည်သူ(၃၁ နှစ်) (ဘ)ဦးမျိုးမြင့် အား Air Gun တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ မျိုးစည်သူ၏ ထွက်ဆိုချက်အရ ဇွန် ၂၈ ရက် ညနေ ၅ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဦးဝိစာရ လမ်း အိမ်အမှတ်(၃၁၆)နေ ဇာဏီထွန်း(၂၉ နှစ်) (ဘ)ဦးခင်မောင်မြင့်ကို ပွိုင့် ၂၂ ကျည်ဖြင့် ပစ်ခတ်ရသော လက်လုပ်ပစ္စတို တစ်လက်၊ ၎င်းကျည် တောင့် ၃၀၀၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၅၈) ရပ်ကွက် ဦးစောမောင်လမ်းနှင့် ဦးဘသော် လမ်းထောင့် အိမ်အမှတ်(၁၀၅၈)နေ ကျော်ကျော်မိုး(ခ)မိုးသဲ(ခ)ငလုံး၊ (၄၀ နှစ်) (ဘ)ဦးအောင်သန်း ကို Pen Gun တစ်လက်၊ ဆက်စပ်ပစ္စည်း များနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏နေအိမ်မှ Glock ပစ္စတို တစ်လက်၊ Pen Gun တစ်လက်နှင့် လက်နက်ဆက်စပ်ပစ္စည်းများ ထပ်မံရှာဖွေ တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

တရားခံ ကျော်ကျော်မိုး(ခ)မိုးသဲ(ခ)ငလုံး၏ ထွက်ဆိုချက်အရ ဘုရားသုံးဆူမြို့နေ ကျော်လင်းအောင်မှ ပေးပို့သည့် လက်နက်/ခဲယမ်း များ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဝေဇယန္တာလမ်း အမှတ် (၁၂၄၃/အေ)ရှိ Royal Express အမြန်ချောပို့ လုပ်ငန်းရုံးတွင် ရောက်ရှိ နေကြောင်း ဖော်ထုတ်ရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ “ကိုဝင်းညို” အမည် ဖြင့် မုံရွာမြို့သို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အတွင်းမှ Glock ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမကျည် ၄၈ တောင့်၊ “ကိုနောင်” အမည်ဖြင့် ရွှေဘိုမြို့သို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အတွင်းမှ ပွိုင့် ၂၂ ကျည်တောင့် ၁၀၀ နှင့် “ကိုအောင်ထွန်း” အမည်ဖြင့် မြန်အောင်မြို့သို့ ပို့ဆောင်မည့် ပါဆယ်ထုပ်အတွင်းမှ ရွှေဝါရောင် Pen Gun တစ်လက်၊ ပွိုင့် ၂၂ ကျည်တောင့် ၂၀၀ တို့အား ထပ်မံရှာဖွေတွေ့ရှိသိမ်းဆည်းရမိ




ခဲ့သည်။

တရားခံ မျိုးစည်သူ၏ ထွက်ဆိုချက်အရ မြောင်းမြမြို့ မြစန္ဒာ ရပ်ကွက် ကမ်းနားလမ်းနေ မျိုးသူရဦး(၂၁ နှစ်) (ဘ)ဦးသိန်းမင်းထွန်း၊ ချစ်စိန်ဦး ဆန်စက်လုပ်ငန်း လုပ်ကိုင်သူမှ သေနတ်တစ်လက် မှာယူ ထားကြောင်း ထပ်မံဖော်ထုတ်ရရှိသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲတွင် မြောင်းမြမြို့ရှိ “ဆုမွန်”ကုန်စည် ပို့ဆောင်ရေးဂိတ်၌ မျိုးသူရဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ ပွိုင့် ၂၂ Pen Gun တစ်လက်၊ ၎င်းကျည် နှစ်တောင့်၊ Gas Gun နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား ရှာဖွေ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇူလိုင်လ ၆ ရက်တွင် မန္တလေးမြို့၌ လက်နက်/ခဲယမ်းများ ရောင်းဝယ်နေသူ တာရာ(ခ) မျိုးကိုကို(ခ)မျိုးဇော်(၃၁ နှစ်) (ဘ)ဦးသိန်းလွင် အား ပြည်ကြီးတံခွန် မြို့နယ် စံပြလမ်း ၆၀ x ၆၁ ကြား “စံပြ” လက်ဖက်ရည်ဆိုင်တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဇူလိုင်လ ၇ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (၆၁)လမ်း ၁၂၈ x ၁၂၉ လမ်းရှိ ၎င်း၏ နေအိမ်သို့ သွားရောက်ရှာဖွေ ခဲ့ရာ လက်နက်များပြုလုပ်ရာတွင် အသုံးပြုသည့် ဝရိန်စက် တစ်လုံး၊ လေထိုးတံ တစ်ချောင်း၊ သံဖောက်စက် တစ်ခု၊ ဆူးသွားဆိုဒ်စုံ ခြောက်ချောင်း၊ စပရိန်အသေး ခြောက်ခု၊ လေအိုး သုံးလုံး၊ လေဘား တစ်ခု၊ မီးသတ် ဆေးဘူးခေါင်း တစ်ခုနှင့် လေသေနတ်သံကိုယ်ထည် တစ်ခုတို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းနှင့် တရားခံ တာရာ(ခ)မျိုးကိုကို(ခ)မျိုးဇော်၏ ထွက်ဆိုချက်အရ လက်နက်ခဲယမ်း များအား မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ အရှေ့ရပ်ကွက်ရှိ အောင်ရတနာကားဂိတ်မှတစ်ဆင့် ရေဦးမြို့သို့ စည်သူအောင်အမည်ဖြင့် ပို့ဆောင်ထားကြောင်း ဖော်ထုတ်ရရှိ သဖြင့် သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ Pen Gun တစ်လက်၊ ပွိုင့် ၂၂ ကျည်တောင့် ၁၀၀ တို့ကို ထပ်မံရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြု မည့် လက်နက်ခဲယမ်း၊ ပစ္စည်းကိရိယာများ၊ ရောင်းဝယ်သိုဝှက် သိမ်းဆည်းထားသူများနှင့် လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


မျိုးသူရဦး၏ နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။


Royal Express အမြန်ချောပို့လုပ်ငန်းရုံး၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများကို တွေ့ရစဉ်။


ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ တရားခံ ကျော်ကျော်မိုး၏ နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း/ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# ယူရို ၂၀၂၀ ပြိုင်ပွဲ ဗိုလ်လုပွဲ အီတလီနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အီတလီအသင်းနှင့် အင်္ဂလန်အသင်းတို့ပွဲစဉ်ကို ဇူလိုင် ၁၂ ရက် နံနက် ၁ နာရီခွဲတွင် အင်္ဂလန်နိုင်ငံရှိ ဝင်ဘလေ အားကစားကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ရော်ဘတ်တို မန်စီနီ၏ အီတလီ အသင်းသည် ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အသင်း ကြီး စပိန်အသင်းနှင့် တွေ့ဆုံခဲ့ပြီး ပယ်နယ်တီအဆုံး အဖြတ်တွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လု ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ နည်းပြ ဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် ဆီမီးဖိုင်နယ်တွင် ကစားရ ခက်ခဲသည့် ဒိန်းမတ်အသင်းကို အချိန်ပိုအထိ ကစား ခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အီတလီအသင်းသည် ယူရို ၂၀၂၀ ပြိုင်ပွဲ ဗိုလ်လုပွဲ သို့ တက်ရောက်နိုင်ခြင်းမှာ အသင်းသမိုင်း တစ်လျှောက် စတုတ္ထအကြိမ်မြောက်တက်ရောက် နိုင်ခြင်းဖြစ်သည်။ အီတလီအသင်းသည် ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ ၁၉၆၈ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် တက်ရောက်ထားနိုင်သော်လည်း ၁၉၆၈ ခုနှစ်တွင်သာ ဖလားဆွတ်ခူးထားနိုင်သည်ကို တွေ့ရ သည်။ ထို့ကြောင့် အီတလီအသင်းသည် ယူရိုပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ဝေးကွာနေသည့် အသင်းဖြစ်ကာ ယခု ယူရို ၂၀၂၀ ပြိုင်ပွဲဗိုလ်လုပွဲတွင် အင်္ဂလန်အသင်း ကို အနိုင်ရရှိအောင် စွမ်းဆောင်ပြီး ယူရိုဖလားကို အရယူသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ပြိုင်ဘက် အင်္ဂလန်အသင်းက ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခြင်းဖြစ်သည်။ ထို့အပြင် အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ်က ကမ္ဘာ့ဖလားကို ဆွတ်ခူးရရှိပြီးနောက် အဓိကပြိုင်ပွဲ ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခြင်း လည်း ဖြစ်သည်။ ထို့ကြောင့် အင်္ဂလန်အသင်းသည် ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲတွင် အီတလီကို အနိုင်ယူ ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

ယနေ့ပွဲစဉ်တွင် စောင့်ကြည့်ရမည့် ကစားသမား အဖြစ် အီတလီအသင်းမှ တိုက်စစ်ကစားသမား အင်မိုဘီလီနှင့် အင်္ဂလန်အသင်းမှ တိုက်စစ်ကစား သမား ဟယ်ရီကိန်းတို့ ရှိနေသည်။ အင်မိုဘီလီသည် ယူရိုပြိုင်ပွဲတွင် ငါးပွဲကစားထားရာ နှစ်ဂိုးသွင်းပြီး နှစ်ဂိုးဖန်တီးထားသည်။ ဟယ်ရီကိန်းက ခြောက်ပွဲ ကစားထားရာ လေးဂိုးအထိ သွင်းယူထားကာ ခြေစွမ်းပြသထားနိုင်သည့် ကစားသမားတစ်ဦး ဖြစ်သည်။ အီတလီ အသင်းနှင့် အင်္ဂလန်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံထားသည့် နှစ်ကြိမ်တွင် နှစ်ကြိမ်စလုံး တစ်ဖက်တစ်ဂိုးစီ သရေကျထားသည် ကို တွေ့ရသည်။ ယခုယူရို ၂၀၂၀ ဗိုလ်လုပွဲတွင် မည်သည့်အသင်းက အနိုင်ရရှိကာ သမိုင်းမှတ်တိုင် သစ် စိုက်ထူသွားနိုင်မလဲဆိုသည်ကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။

**အောင်ဇော်**

# ရန်ကုန်မြို့ အိမ်ခြံမြေအရောင်းအဝယ်ဈေးကွက် တန်ဖိုးနည်းတိုက်ခန်းများသာ အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၀**

၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင် ရန်ကုန်မြို့ရှိ အိမ်ခြံမြေဈေးကွက် အနေအထားမှာ တန်ဖိုးနည်းတိုက်ခန်းများသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း အိမ်ခြံမြေ အကျိုးဆောင်များထံမှ သိရသည်။

နှစ်စပိုင်းက အိမ်ခြံမြေဈေးကွက်အနေအထား အေးစက်ခဲ့သော်လည်း ဝါဝင်ခါနီးအချိန်တွင် သိန်း ၂၀၀ ပတ်လည်ရှိသော တန်ဖိုးနည်းတိုက်ခန်းများကို ဝယ်ယူမှုအများဆုံးဖြစ်လာကြောင်း၊ ရင်းနှီးမြှုပ်နှံရန် ဝယ်ယူသည်ထက် ကိုယ်တိုင်နေထိုင်ရန်အတွက် ဝယ်ယူလာကြခြင်းဖြစ်ကြောင်း အိမ်ခြံမြေလုပ်ငန်းရှင်များက ဆိုသည်။

"ဈေးကွက်ကတော့ အခုအချိန်က ဝါဝင်ခါနီးကာလလည်းဖြစ်နေတယ်။ အိမ်ခြံမြေဈေးကွက်ကလည်း မကောင်းသေးဘူးဆိုတော့ ရင်းနှီးမြှုပ်နှံမယ့်သူတွေက စောင့်ကြည့်နေတဲ့ အနေအထားမှာပဲ ရှိတယ်။ အိမ်ခြံမြေဈေးကွက်ထဲမှာ ၆၅ ရာခိုင်နှုန်းလောက်က ကိုယ်တိုင်နေထိုင်ဖို့ ဝယ်ကြတာဖြစ်ပြီး ၃၅ ရာခိုင်နှုန်းလောက်ကတော့ ရင်းနှီးမြှုပ်နှံဖို့ ဝယ်ကြတာများပါတယ်"ဟု မင်းမဟော်အိမ်ခြံမြေလုပ်ငန်းမှ ဦးနိုင်အောင်က မြန်မာ့အလင်းသို့ ပြောသည်။

တိုက်ခန်းများရောင်းဝယ်ရာတွင် ကျပ်သိန်း ၂၀၀ မှ သိန်း ၃၀၀ ကြား ကန်ထရိုက်တိုက်များ အဓိက အရောင်းအဝယ်ဖြစ်ကြသော်လည်း စီးပွားရေးလုပ်ကိုင်နိုင်သည့် မြေညီထပ်တိုက်ခန်းများ၊ ကွန်ဒိုတိုက်ခန်းများမှာ အရောင်းအဝယ် အေးစက်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်မြို့ရှိ တိုက်တာ အိမ်ရာများကို တွေ့ရစဉ်။

"အခန်းတွေက သိန်း ၂၀၀ ကနေ ၃၀၀ ကြား အခန်းတွေ အဓိက အရောင်းသွက်တယ်။ အဝယ်လည်း ရှိတယ်။ ကျန်အခန်းတွေက ဖွင့်ပြရတဲ့ အနေအထားတောင် မရှိဘူး။ လုပ်ငန်းတွေ၊ ဆိုင်တွေ ရပ်တန့်နေချိန်ဆိုတော့ စီးပွားရေးလုပ်လို့ရတဲ့ မြေညီထပ်အခန်းတွေ၊ နိုင်ငံခြားသားကို ငှားရမ်းလို့ရတဲ့ ကွန်ဒိုတွေလည်း အရောင်းအဝယ် မရှိကြဘူးပေါ့။ အရောင်းသမားတွေကလည်း ဈေးကောင်းပြန်ရမယ့် အချိန်ကောင်းကို စောင့်နေကြသလို အဝယ်တွေကလည်း ငွေကို ကိုင်ထားတဲ့ အနေအထားပါ"ဟု ၎င်းက ဆက်ပြောသည်။

ရန်ကုန်မြို့၏ အိမ်ခြံမြေဈေးကွက် အနေအထားမှာ ကိုဗစ်ပထမလှိုင်းကာလမှ စတင်၍ အေးစက်နေခဲ့ခြင်းဖြစ်ပြီး ဝါဝင်ခါနီးတွင် အရောင်းအဝယ် အနည်းငယ် ပြန်ဖြစ်လာခဲ့ကြောင်းနှင့် သီတင်းကျွတ်ပွင့်လင်းရာသီတွင် ဈေးကွက်ပြန်ကောင်းလာမည်ဟု အိမ်ခြံမြေဈေးကွက် ကျွမ်းကျင်သူများက ခန့်မှန်းနေကြကြောင်း သိရသည်။

**Aမင်း၊ ဓာတ်ပုံ ရွှေအပ်**

---

## လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် နောက်(၂၄) နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**-မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

---




## မူးယစ်ဆေးအန္တရာယ် ရှောင်ကြဉ်ဖွယ်

လူငယ်လူရွယ်တို့သည် စူးစမ်းလိုသောကြောင့်သော် လည်းကောင်း၊ အပေါင်းအသင်းကြောင့်သော် လည်းကောင်း၊ လူမှုရေးကိစ္စ အဆင်မပြေသောကြောင့်သော် လည်းကောင်း မူးယစ်ဆေးဝါးကို စမ်းသပ်သုံးစွဲရာမှ ဆေးစွဲသွားတတ်ပါသည်။

မူးယစ်ဆေးဝါးကြောင့် အောက်ပါရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်ပွားနိုင်ပါသည်။

- ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း
- ဆေးလွန်သဖြင့် မိန်းမောစွာ အိပ်ပျော်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးရခြင်း
- ထုံနာကျဉ်နာ၊ အကြောသေရောဂါဖြစ်ခြင်း
- တက်ခြင်း
- နှလုံးအတွင်းသား ရောင်ရမ်းခြင်း
- ဆေးထိုးအပ်ကို မျှသုံးခြင်းကြောင့် အိပ်ချ်အိုင်ဗွီ၊ အသည်းရောင် အသားဝါဘီနှင့် စီရောဂါအပါအဝင် သွေးမှတစ်ဆင့် ကူးစက်သောရောဂါများ ဖြစ်ပေါ်ခြင်း
- ခန္ဓာကိုယ်အနှံ့အပြားတွင် အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်း

**မူးယစ်ဆေးဝါးသည် လူညွှန့်တုံးသည်အထိ ဖြစ်စေနိုင်ပါသည်။**

**မူးယစ်ဆေးဝါးကို စတင်အသုံးမပြုမိအောင် သတိပြုရှောင်ကြဉ်ကြပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။

နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# အင်ဒိုနီးရှားနိုင်ငံသို့ ပြည်ပနိုင်ငံများမှ အကူအညီများရောက်ရှိ



အင်ဒိုနီးရှားနိုင်ငံတွင် ဆေးရုံတက် ကုသမှုခံယူနေသူများကို တွေ့ရစဉ်။

**ဂျကာတာ ဇူလိုင် ၁၀**

နိုင်ငံရပ်ခြားမှ ပေးပို့လိုက်သည့် ဆေးဘက်ဆိုင်ရာ အကူအညီများ အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုများ ပိုမိုများပြားနေသည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ ရုန်းကန်နေရသည်။ ဇူလိုင် ၉ ရက်တွင် အသက်ရှူအထောက်အကူပြုကိရိယာ ၂၀၀၊ အောက်ဆီဂျင် ဆလင်ဒါနှင့် အကာအကွယ် ဝတ်စုံများကို စင်ကာပူနိုင်ငံက ပေးပို့လိုက်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံမှ ပေးပို့မည့် အသက်ရှူ အထောက်အကူပြုကိရိယာ ၁၀၀၀ မှာလည်း မကြာမီရောက်ရှိတော့မည်ဟု သိရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဇူလိုင် ၉ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၈၁၂၄ ဦး တွေ့ရှိခဲ့ပြီး သေဆုံးသူ ၈၇၁ ဦး ရှိသည်ဟု သိရသည်။ အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇပြောင်း ဒယ်လ်တာကူးစက်မှုကိုလည်း နိုင်ငံအနှံ့ တွေ့မြင်နေရပြီဖြစ်သည်။ ဆေးရုံခုတင်အသုံးပြုမှုမှာ ဂျကာတာမြို့တွင် ၈၅ ရာခိုင်နှုန်းရှိနေပြီး ဆေးဘက်သုံး အောက်ဆီဂျင်ကို ယခင်ကထက် အဆပေါင်း ၅၀၀ တိုး၍ အသုံးပြုနေရသည်ဟု သိရသည်။

အင်ဒိုနီးရှားနိုင်ငံကို အကူအညီပေးရန် နိုင်ငံပေါင်း ကိုးနိုင်ငံက ကမ်းလှမ်းလာသည့်အတွက် ဇူလိုင် ၉ ရက်တွင် ကျေးဇူးတင်ကြောင်း အစိုးရက ကြေညာခဲ့သည်။ ကူညီရန်ကမ်းလှမ်းသည့် နိုင်ငံများထဲတွင် ဂျပန်နိုင်ငံလည်း ပါဝင်ပြီး ပြီးခဲ့သည့် ကာကွယ်ဆေး တစ်သန်း အင်ဒိုနီးရှားနိုင်ငံသို့ သီတင်းပတ်အတွင်း ဂျပန်နိုင်ငံက ကိုဗစ် -၁၉ ပေးပို့ခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဆီးရီးယားသို့ လူသားချင်းစာနာသော အကူအညီပေးနိုင်ရေး အချိန်တစ်နှစ်သက်တမ်းတိုးရန် ကုလသမဂ္ဂ ဆုံးဖြတ်

**ဂျီနီဗာ ဇူလိုင် ၁၀**



ကုလသမဂ္ဂမှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် တူရကီမှတစ်ဆင့် ဆီးရီးယား နိုင်ငံရှိ စစ်ပွဲများဖြစ်ပွားရာ နေရာသို့ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများပေးပို့နိုင်ရေးအတွက် အချိန်သက်တမ်း တစ်နှစ်တိုးမြှင့်ပေးရန် ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်ဟု သိရသည်။

အိမ်နီးချင်း တူရကီနိုင်ငံမှ တစ်ဆင့် ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းသို့ အစားအစာ၊ ဆေးဝါးနှင့် အခြားသော ထောက်ပံ့ရေးပစ္စည်းများ ပေးပို့ရန် လမ်းကြောင်းဖွင့်ထားမှု ယခင်သတ်မှတ်ချက်မှာ ဇူလိုင် ၁၀ ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်သည်။ အဆိုပါဒေသမှာ ဆီးရီးယားသမ္မတ အာဆတ်၏ တိုက်ခိုက်မှုကြောင့် ထွက်ပြေးလာရသူ သုံးသန်းနှင့် အခြားသော နေရပ်ရွှေ့ပြောင်းများ နေထိုင်ရာ နေရာလည်းဖြစ်သည်။ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပ မဟာမိတ်များသည် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်ရေး လမ်းကြောင်းကို ဆက်လက် ဖွင့်ထားရန် လိုလားကြသည်။ နောက်ဆုံးဇူလိုင် ၁၀ ရက်တွင် ကုလသမဂ္ဂသည် ထောက်ပံ့ရေး ပစ္စည်းများပေးပို့နိုင်မည့် လမ်းကြောင်းဖွင့်ထားမှု ကာလကို နောက်ထပ် တစ်နှစ်တိုးရန် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# အိုမန်ဘုရင် ဆော်ဒီအာရေဗျသို့ ပထမဆုံးအကြိမ် သွားရောက်မည်

**ရီယာ့ဒ် ဇူလိုင် ၁၀**

အိုမန်နိုင်ငံ၏ ဆူလ်တန်ဘုရင် ဟေသမ်ဘင်တရစ်ခ်သည် ဇူလိုင် ၁၁ ရက်တွင် ဆော်ဒီအာရေဗျသို့ ပထမဆုံးအကြိမ် သွားရောက်မည်ဟု ဆော်ဒီ သတင်းအေဂျင်စီက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

နှစ်ရက်တာ အလည်အပတ်ခရီးစဉ်သည် ၂၀၂၀ နောက်ပိုင်း ဆူလ်တန် ကဘို့စ်ဘင်ဆက်ဒ် သေဆုံးပြီးနောက် ဆူလ်တန်ဘုရင်ဖြစ်လာပြီးနောက်ပိုင်းတွင် ပထမဆုံးအကြိမ် နိုင်ငံခြားခရီးစဉ်လည်း ဖြစ်သည်။ ယင်းခရီးစဉ်ကို ဆော်ဒီဘုရင် ဆယ်လ်မန်ဘင် အဗ္ဗဒူလာဇစ် အယ် ဆော့ဒ်က ဖိတ်ကြားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ နှစ်နိုင်ငံကြား ဆက်ဆံရေးခိုင်မာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးလာစေရန် နှစ်နိုင်ငံလုံးမှ ပြည်သူများ၏ အကျိုးစီးပွားတိုးလာစေရန် ရည်ရွယ်သည်ဟု သိရသည်။ **ဆင်ဟွာ**

# ဖလော်ရီဒါကွန်ဒိုအဆောက်အအုံပြိုကျမှု သေဆုံးသူ ၇၈ ဦးအထိ ရှိလာ

**ဝါရှင်တန် ဇူလိုင် ၁၀**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် ၁၂ ထပ် ကွန်ဒို အဆောက်အအုံပြိုကျမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၇၈ ဦးအထိ ရှိလာသည်။ အပျက်အစီးများအောက်တွင် ပျောက်ဆုံးနေသူ ၁၄ ဦး တွေ့ရှိပြီးနောက် ယင်းသို့သေဆုံးသူတိုးလာခြင်းဖြစ်သည်။ သေဆုံးသူများထဲတွင် ၄၇ ဦးကိုမည်သူမည်ဝါခွဲခြားနိုင်ပြီး ပျောက်ဆုံးနေဆဲ ၆၂ ဦး ရှိသေးသည်။ ကွန်ဒိုအဆောက်အအုံပြိုကျမှုမှာ ဇွန် ၂၄ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆောက်အအုံပြိုကျမှုပုံစံကြောင့် အတွင်းရှိ လူများ အသက်ရှင်ကျန်ရစ်ရန် အခွင့်အရေးနည်းပါးသည်ဟုလည်း သိရသည်။ **ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ သုံးရက်ဆက်တိုက် ကိုဗစ် - ၁၉ ကူးစက်မှု စံချိန်တင်များပြား

**ဆိုးလ် ဇူလိုင် ၁၀**

တောင်ကိုရီးယားနိုင်ငံ၏ နေ့စဉ်ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ သုံးရက်ဆက်တိုက် စံချိန်တင်များပြားလျက်ရှိပြီး ဆိုးလ်မြို့ ဧရိယာတစ်ဝိုက်တွင် တင်းကျပ်သည့်ကိုဗစ် -၁၉ စည်းကမ်းများ ချမှတ်ထားရသည်။ ဇူလိုင် ၉ ရက် ညသန်းခေါင်ယံတွင် ကူးစက်ခံရသူပေါင်း ၁၃၇၈ ဦး တိုးလာခဲ့သည်။

နေ့စဉ်ကူးစက်မှု ၁၂၀၀ အထက်တွင် ရှိနေသည်မှာလည်း လေးရက်ဆက်တိုက်ရှိပြီဖြစ်သည်။ ဆိုးလ်မြို့ အနီးတစ်ဝိုက်တွင် အစုလိုက်ကူးစက်မှုမှတစ်ဆင့် ကူးစက်မှုများ ပြန်လည်များပြားလာခြင်းဖြစ်သည်ဟု ယူဆရသည်။ နောက်ထပ်ကူးစက်ခံရသူများထဲတွင် ဆိုးလ်ဒေသခံ ၅၀၁ ဦး ၊ ဂယောင်းဂီပြည်နယ်မှ ၄၄၁ ဦးဟု သိရသည်။

နိုင်ငံရပ်ခြားမှကူးစက်လာသူ ၄၈ ဦး ရှိသည်။ ကိုဗစ်– ၁၉နှင့် ဆက်စပ်ပြီး နောက်ထပ်နှစ်ဦးသေဆုံးခဲ့သည့်အတွက် သေဆုံးသူ ၂၀၃၈ ဦးရှိလာသည်။ နိုင်ငံအတွင်း လူပေါင်း ၁၀ ဒသမ ၈၈ သန်းကို ဆေးစစ်ပေးမှုများ လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၆ ရက်ကတည်းက ကာကွယ်ဆေးထိုးနှံပေးမှုများ စတင်ပြုလုပ်ခဲ့ပြီး နှစ်ကြိမ်တိုင်တိုင် ကာကွယ်ဆေးထိုးပြီးသူ ၅၈၀၁၉၉၇ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**



ဆိုးလ်မြို့ တစ်နေရာ၌ လမ်းသွားလမ်းလာများကို တွေ့ရစဉ်။

# ကိုဗစ် -၁၉ အဆိုးဆုံးကူးစက်မှုနှင့် ကြုံတွေ့နေရသည့်အာဖရိက

နှင်းမိုးအိမ်

**တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ် -၁၉ကူးစက်မှုများပြန်လည်များပြားလာချိန်တွင် အာဖရိကသည်လည်း အဆိုးဆုံးကပ်ရောဂါနှင့် ကြုံတွေ့နေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဇူလိုင် ၈ ရက်တွင် ပြောကြားခဲ့သည်။ ယခုအာဖရိကတွင် ကြုံတွေ့နေရသည့် ကိုဗစ် -၁၉ မှာ ကူးစက်မြန် ဒယ်လ်တာဖြစ်သည်။**

### လူငယ်အများအပြား ဆေးရုံတက်ရ

အာဖရိကတွင် ကာကွယ်ဆေး လိုအပ်ချက်မြင့်မားနေချိန် ယင်းကူးစက်မြန် ဒယ်လ်တာကြောင့် လူငယ်အများအပြားဆေးရုံသို့တက်ကာကုသမှုခံယူနေရသည်ဟု ကျန်းမာရေးကျွမ်းကျင်သူများကပြောသည်။

အာဖရိကတစ်တိုက်လုံးတွင် ကိုဗစ် - ၁၉ ကြောင့် ကူးစက်မှုများပြားနေသည်မှာ တစ်ပတ်ဆက်တိုက်ရှိပြီဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။ တစ်ပတ်တာအတွင်း ကူးစက်မှုမှာ ၂၀ ရာခိုင်နှုန်းမြင့်မားလာသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

### ကြောက်စရာအကောင်းဆုံးအချိန်မရောက်သေး

သေဆုံးမှုနှုန်းမှာလည်း ၂၃ ရာခိုင်နှုန်းမြင့်မားလာသည်ဟု သိရသည်။ အာဖရိကသည် လက်ရှိတွင် ကြောက်စရာအကောင်းဆုံး အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဒေသတွင်းဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ မက်ရှီဒစ်ဆိုမိုတီက ပြောသည်။ ကူးစက်မှုတတိယလှိုင်းမှာ လျင်လျင်မြန်မြန်ရွေ့လျားနေပြီး တကယ့်ကြောက်စရာအကောင်းဆုံးအချိန်မှာ ရောက်မလာသေးဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

### ခွင့်ပြုချက်ရရန်ကြိုးပမ်း

ကာကွယ်ဆေးလိုအပ်ချက်များ များပြားနေချိန်တွင် ဖိုက်ဇာကုမ္ပဏီသည် ယခင်နှစ်ကြိမ်သာ ကာကွယ်ဆေးထိုးရာမှ ယခုအခါ သုံးကြိမ်အထိ ထိုးပေးနိုင်ရေး ခွင့်ပြုချက်ရရန် ကြိုးစားလျက်ရှိသည်။ သို့သော်လည်း အမေရိကန်ကျန်းမာရေးအာဏာပိုင်များကမူ သုံးကြိမ်ဆေးထိုးရန် ယခုအခြေအနေအရ မလိုအပ်သေးဟု ပြောသည်။

ဖိုက်ဇာနှင့် ဘိုင်ရွန်တက်ခ်တို့၏ လက်တွေ့စမ်းသပ်မှုအပေါ် ထုတ်ပြန်ချက်အရ တတိယအကြိမ် ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါကာကွယ်ပေးသောပဋိပစ္စည်း ထုတ်လုပ်နိုင်မှုအဆင့်ကို ငါးဆမှ ဆယ်ဆထိမြင့်မားလာနိုင်ကြောင်း၊ ကိုဗစ် -၁၉ နှင့် တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်း ဘီတာကို ကာကွယ်ရာတွင်အစွမ်းမြင့်လာကြောင်း ဖော်ပြခဲ့သည်။

### မျှော်လင့်ထား

ကုမ္ပဏီအနေဖြင့် ယင်းထက်ပို၍ တိကျသည့်အချက်အလက်များကို ထုတ်ဖော်ပြောကြားနိုင်ရန် မျှော်လင့်ထားသည်။ ထို့အပြင် ကူးစက်မြန် ဒယ်လ်တာကိုပါ တိုက်ဖျက်ပေးနိုင်ရေးအတွက်လည်းမျှော်လင့်ထားသည်။ ယခုအခါ ဗီဇပြောင်း ဒယ်လ်တာသည် တစ်ကမ္ဘာလုံးအနှံ့ လွှမ်းမိုးနေပြီဖြစ်သည်။

ခြောက်လကြာပြီးနောက် အစ္စရေးတွင် ကာကွယ်ဆေး၏ ကာကွယ်ပေးနိုင်မှုစွမ်းအားများ လျော့ကျလာသည်ကိုအခြေခံကာ နှစ်ကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ခြောက်လမှ တစ်နှစ်အတွင်း တတိယအကြိမ် ကာကွယ်ဆေးထိုးရန်လိုအပ်သည်ဟု ကုမ္ပဏီဘက်မှ ပြောကြားခဲ့ခြင်းဖြစ်သည်။



နိုင်ရိုဘီရှိ ဆေးရုံတစ်ရုံတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးအထိုးခံရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

> "ကာကွယ်ဆေးလိုအပ်ချက်များ များပြားနေချိန်တွင် ဖိုက်ဇာကုမ္ပဏီသည် ယခင်နှစ်ကြိမ်သာ ကာကွယ်ဆေးထိုးရာမှ ယခုအခါ သုံးကြိမ်အထိ ထိုးပေးနိုင်ရေး ခွင့်ပြုချက်ရရန် ကြိုးစားလျက်ရှိသည်။ သို့သော်လည်း အမေရိကန်ကျန်းမာရေး အာဏာပိုင်များကမူ သုံးကြိမ်ဆေးထိုးရန် ယခုအခြေအနေအရ မလိုအပ်သေးဟု ပြောသည်"

### အတင်းကျပ်ဆုံးစည်းကမ်းချမှတ်

တောင်ကိုရီးယားနိုင်ငံတွင်လည်း ကိုဗစ် - ၁၉ ကူးစက်မှုများ ပြန်လည်များပြားလာပြီး ဇူလိုင် ၉ ရက်တွင် ကူးစက်ခံရသူ ၁၃၁၆ ဦး တွေ့ရှိခဲ့သည့်အတွက် ဆိုးလ်မြို့ ဧရိယာတစ်ဝိုက်တွင် အတင်းကျပ်ဆုံး ကိုဗစ်-၁၉ စည်းကမ်းများ ချမှတ်ခဲ့ရသည်။

အလားတူ ဘရာဇီးနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှုများ များပြားပြီး သေဆုံးမှုနှုန်းလည်း မြင့်မားနေသည်။

### ဗီဇပြောင်းကူးစက်မှုတွေ့လာရ

ယခုအခါ အာဖရိက ၁၆ နိုင်ငံတွင်ကူးစက်မှုများ ပြန်လည်များပြားလာခြင်းနှင့် ကြုံတွေ့နေရသည်။ အဆိုပါ ၁၆ နိုင်ငံအနက်မှ ၁၀ နိုင်ငံထက်မနည်း ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကို တွေ့မြင်နေရသည်။

ဇူလိုင် ၈ ရက်တွင် နိုင်ဂျီးရီးယားနိုင်ငံသည် ပထမဆုံး ဗီဇပြောင်းဒယ်တာကူးစက်မှုကို စတင်တွေ့ရှိခဲ့သည်။ ခရီးသွားတစ်ဦးထံတွင် စစ်ဆေးတွေ့ရှိခဲ့သည်ဟု သိရသည်။

အာဖရိက အရှေ့ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများတွင် ကိုဗစ်-၁၉ အဆိုးရွားဆုံး ကူးစက်နေပြီး ၎င်းတို့ထဲတွင် နမ်မီးဘီးယား၊ ယူဂန္ဒာ၊ ဇမ်ဘီယာနှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်သည်။

တောင်အာဖရိကနိုင်ငံမှာ လက်ရှိတွင် ကူးစက်မှု များပြားနေသလို သေဆုံးမှုများလည်း တိုးနေသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း သေဆုံးမှုနှုန်းမှာ ၄၆ ရာခိုင်နှုန်း ရှိလာသည်။ ၁၈ ရက်လျှင်တစ်ကြိမ် ကူးစက်မှုမှာ နှစ်ဆတိုးနေသည်ဟု မိုတီက ဆက်လက် ပြောကြားသည်။

### ရပ်နားထားရ

ယခုကဲ့သို့ အာဖရိကတွင် ကူးစက်မှုများ များပြားနေသည့်အချိန် အာဖရိကတစ်တိုက်လုံးအနှံ့ ကာကွယ်ဆေးထိုးပြီးသည့် ပမာဏမှာ အကြမ်းဖျင်းအားဖြင့် ၁ ရာခိုင်နှုန်းကျော်သာ ရှိသေးသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ကာကွယ်ဆေး ထောက်ပံ့ပေးမှုတွင်လည်း အခက်အခဲများရှိနေပြီး ပြီးခဲ့သည့်လအတွင်းက ကိုဗစ်အစီအစဉ်မှတစ်ဆင့် အာဖရိကသို့ ကာကွယ်ဆေးပေးပို့မှုမှာလည်း ရပ်နားထားရသည်။

### သဘောတူလက်မှတ်ရေးထိုး

သို့သော်လည်း ကာကွယ်ဆေးပေးပို့ရာတွင် တိုးတက်သည့် လက္ခဏာများနှင့် ကြုံတွေ့လာရပြီဟု ယခုသီတင်းပတ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်သည် အာဖရိကသမဂ္ဂကို ကိုဗစ် -၁၉ ကာကွယ်ဆေး သန်း ၂၂၀ ထောက်ပံ့နိုင်ရေးအတွက် ဂျွန်ဆင်အင်န်ဂျွန်ဆင်နှင့် သဘောတူလက်မှတ်ရေးထိုးထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ်နှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးများ ပေးပို့နိုင်ရေးကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ အဆိုပါကာကွယ်ဆေးများကို ကုလသမဂ္ဂ ကျောထောက်နောက်ခံအဖွဲ့အစည်းဖြစ်သည့် ကိုဗက်အစီအစဉ်မှတစ်ဆင့် ပေးပို့မှုများပြုလုပ်သွားနိုင်ရန် စီစဉ်သွားမည်ဖြစ်သည်။

### လုပ်ဆောင်သွားမည်

ပေးပို့ရန် စီစဉ်ထားသည့်ကာကွယ်ဆေးထဲမှ ၃၅ သန်းကို ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင်ပေးပို့သွားနိုင်ရေး လုပ်ဆောင်သွားမည်ဟု ယူနီဆက်ဖ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အာဖရိကနိုင်ငံများအနေဖြင့် ကာကွယ်ဆေးကို လျင်လျင်မြန်မြန် လက်လှမ်းမီစေရမည်ဖြစ်ပြီး ကာကွယ်ဆေးရရှိမှုမှာ မျှတမှုမရှိသေးကြောင်း အာဖရိကတွင် ၁ ရာခိုင်နှုန်းကျော်ကျော်သာ ကာကွယ်ဆေး ထိုးပြီးရသေးကြောင်း ယင်းအခြေအနေအတိုင်း ဆက်သွားရန် မဖြစ်ကြောင်း ယူနီဆက်ဖ်မှညွှန်ကြားရေးမှူး ဟန်နရီတာဖို့ဒ်က ပြောသည်။

ကိုးကား- အေအက်ဖ်ပီ

ဝါရှင်တန်ပို့စ်

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၃၇၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၇၁ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၇၅၆ ဦး ရှိ

**(၁၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

(၉-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၁၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄,၃၇၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၈၅၆,၆၉၇) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၈၈,၇၅၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၄၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၄၄,၈၀၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၇၅၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၂၁၁) ခု | (၂၄၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၅) ခု | (၆၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၀၈၁) ခု | (၂၉၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၅၉၀) ခု | (၂၂၆) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၇) ခု | (၁၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၁၃) ခု | (၉၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၅၆၁) ခု | (၂,၄၈၄) ဦး |
| စုစုပေါင်း | (၁၅,၁၂၈) ခု | (၄,၃၇၇) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၁၀ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၇၁၁၄၁၆ | ၂၉၂၂၉၈၇၂ | ၆၂၂၇၀၈ |
| ၂။ | အိန္ဒိယ | ၃၀၇၉၅၇၁၆ | ၂၉၉၃၃၅၃၈ | ၄၀၇၁၇၃ |
| ၃။ | ဘရာဇီး | ၁၉၀၂၀၄၉၉ | ၁၇၄၇၉၂၇၇ | ၅၃၁၇၇၇ |
| ၄။ | ပြင်သစ် | ၅၈၀၃၆၈၇ | ၅၆၄၄၁၉၄ | ၁၁၁၃၀၂ |
| ၅။ | ရုရှား | ၅၇၅၈၃၀၀ | ၅၁၈၂၈၃၇ | ၁၄၂၂၅၃ |
| ၆။ | တူရကီ | ၅၄၇၀၇၆၄ | ၅၃၃၈၈၈၅ | ၅၀၁၅၅ |
| ၇။ | ဗြိတိန် | ၅၀၅၈၀၉၃ | ၄၃၅၂၀၆၉ | ၁၂၈၃၆၅ |
| ၈။ | အာဂျင်တီးနား | ၄၆၂၇၅၃၇ | ၄၂၄၆၂၀၀ | ၉၈၁၄၈ |
| ၉။ | ကိုလံဘီယာ | ၄၄၇၁၆၂၂ | ၄၁၉၉၂၂၇ | ၁၁၁၇၃၁ |
| ၁၀။ | အီတလီ | ၄၂၆၈၄၉၁ | ၄၀၉၉၃၃၉ | ၁၂၇၇၅၆ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

**၁၀ – ၇ – ၂၀၂၁**

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၄၉၁၀၀၆ | ၂၀၅၂၁၀၉ | ၆၅၄၅၇ |
| ဖိလစ်ပိုင် | ၁၄၆၇၁၁၉ | ၁၃၉၁၃၃၅ | ၂၅၈၁၆ |
| မလေးရှား | ၈၂၇၁၉၁ | ၇၃၇၁၀၃ | ၆၀၆၇ |
| ထိုင်း | ၃၂၆၈၃၂ | ၂၄၃၉၁၈ | ၂၆၂၅ |
| မြန်မာ | ၁၈၈၇၅၂ | ၁၄၄၈၀၉ | ၃၇၅၆ |
| စင်ကာပူ | ၆၂၆၈၄ | ၆၂၃၇၄ | ၃၆ |
| ကမ္ဘောဒီးယား | ၅၉၉၇၈ | ၅၁၆၆၀ | ၈၈၁ |
| ဗီယက်နမ် | ၂၆၆၀၈ | ၈၉၈၄ | ၁၁၀ |
| လာအို | ၂၆၃၀ | ၂၁၇၄ | ၃ |
| ဘရူနိုင်း | ၂၆၆ | ၂၅၅ | ၃ |

## ချောင်ကြီးတိုက်နယ်ဆေးရုံသို့ နှာခေါင်းစည်းနှင့်မျက်နှာကာများ လှူဒါန်း

**ကျောင်းကုန်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ကိုဗစ်–၁၉ အတည်ပြုလူနာများ ထားရှိရာ ချောင်ကြီးတိုက်နယ်ဆေးရုံသို့ နှာခေါင်းစည်းနှင့် မျက်နှာကာများ ယမန်နေ့ ညနေပိုင်းက သွားရောက်လှူဒါန်းသည်။

ချောင်ကြီးတိုက်နယ် ဆေးရုံတွင် ကိုဗစ်–၁၉ အတည်ပြုလူနာ ၁၀၀အား အထက်တန်းသူနာပြု ဦးကျော်ဇေယျာထူး ဦးဆောင်သော ချောင်ကြီးကျန်းမာရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပြီး အားလုံး ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် နှာခေါင်းစည်း ခု၁၀၀၀နှင့် မျက်နှာကာ ၁၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပေးအပ်လှူဒါန်းရာ အထက်တန်းသူနာပြု ဦးကျော်ဇေယျာထူးက လက်ခံရယူကြောင်း သိရသည်။

ဝင်းကြိုင်
(ပြန်/ဆက်)



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# လေးမျက်နှာမြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**လေးမျက်နှာ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရန် ရည်ရွယ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇နာရီက လေးမျက်နှာမြို့နယ်အတွင်းရှိ အောင်မင်္ဂလာဈေး၊ အမှတ်(၃)ရပ်ကွက် လမ်းဆုံနှင့် မြို့အဝင် အထွက်တို့တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးရဲရင့်နောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်- ၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ ရပ်ကွက်စီမံကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီအဖွဲ့တို့က ကိုဗစ်-၁၉ရောဂါ ကူးစက်မှု မဖြစ်ပွားစေရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာသူများ၊ ဈေးရောင်းချသူများနှင့် ဈေးသွား၊ ဈေးလာများ နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ကူးစက်ရောဂါဆိုင်ရာ ညွှန်ကြားချက်များအား တိကျစွာလိုက်နာ ဆောင်ရွက်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့ပြီး တစ်ခါသုံး နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ဝေဝေ(လေးမျက်နှာ)**



ကရင်ပြည်နယ် ဖာပွန်မြို့၌ ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ကိုဗစ်-၁၉ရောဂါ ရန်ပုံငွေရှာဖွေရေးအဖွဲ့က အလှူရှင်များ လှူဒါန်းသည့် အလှူငွေများဖြင့် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ဇူလိုင် ၉ ရက်က သွားရောက် လှူဒါန်းစဉ်။

**စိုင်းကျော်ဝဏ္ဏ(ပြန်/ဆက်)**

## မချမ်းဘော့မြို့နယ်၌ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုပြုလုပ်

**မချမ်းဘော့ ဇူလိုင် ၁၀**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်၊ ကူးစက်ပျံ့နှံ့မှု ကင်းဝေးစေရန် ရည်ရွယ်၍ နှာခေါင်းစည်း တပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်ခြင်းနှင့် ဌာနဆိုင်ရာရုံး များတွင် ကိုဗစ်-၁၉ ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဝေယံမင်းသွင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး ဝန်ထမ်းများ၏ ဦးဆောင်မှုဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ပြည်ထောင်စုလမ်းမတွင် လမ်းသွား လမ်းလာ ပြည်သူများအား နှာခေါင်းစည်းအခမဲ့ တပ်ဆင်စေခြင်း နှာခေါင်းစည်း တပ်ဆင်ရေး လှုပ်ရှားမှုကို ဆောင်ရွက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက PPE ဝတ်စုံ ဝတ်ဆင်၍ မချမ်းဘော့မြို့နယ်ရှိ ဌာနဆိုင်ရာ ရုံးများတွင် ကိုဗစ်- ၁၉ ရောဂါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မချမ်းဘော့ (ပြန်/ဆက်)**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

### ကိုဗစ်-၁၉ ရောဂါ၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျတပ်ဆင်၍ ကာကွယ်ပါ

✓ ကိုဗစ်-၁၉ ရောဂါကို-

(၁) မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊

(၂) မိသားစုကို မကူးစက်စေရန်၊

(၃) မိမိပတ်ဝန်းကျင်ရှိအခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်၍ ကာကွယ်ရပါမည်။

✓ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျ တပ်ဆင်ခြင်းသည် အလွန် ထိရောက်သော ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ် ပွားမှုကွင်းဆက်ကို ထိရောက်စွာဖြတ်တောက်နိုင်ပါသည်။



မေ၊ ၂၀၂၁

## စည်းကမ်းလိုက်နာ တိုက်ဖျက်ပါစို့

❑ တတိယလှိုင်း ကစုန်ဆိုင်း၍
မုန်တိုင်းပမာ ကပ်ရောဂါကို
ကာကွယ်မည်လော ကာမည်လော
ကာလေလော့ ကာလေလော့။

❑ ကိုရိုနာဘေး မြန်စွာဝေးအောင်
မနှေးယခု ညီညာမှုဖြင့်
ပြုကြမည်လော ပြုမည်လော
ပြုလေလော့ ပြုလေလော့။

❑ လက်ဆေးမကြာ မက်စ်တပ်ကာဖြင့်
ဝေးကွာခြောက်ပေ ခြားလျက်နေကြ
နေပါမည်လော နေမည်လော
နေလေလော့ နေလေလော့။

❑ ကူးစက်မှုနှုန်း အမြန်ဆုံးမို့
ဆုံးရှုံးအသက်ဘေး မဖြစ်ရေးတွက်
တွေးပါမည်လော တွေးမည်လော
တွေးလေလော့ တွေးလေလော့။

❑ လူစုလူဝေး မဖြစ်ရေးတွက်
ချင့်တွေးကာပေ အိမ်မှာနေစို့
နေပါမည်လော နေမည်လော
နေလေလော့ နေလေလော့။

❑ ရောဂါကိုတား ကိုယ်ခံအားလည်း
တိုးပွားစေပြား အစားစားလေ
စားပါမည်လော စားမည်လော
စားလေလော့ စားလေလော့။

❑ စည်းကမ်းလိုက်နာ နေကြပါမှ
ရောဂါကပ်ဘေး စောစွာဝေးမည်
ဝေးပါမည်လော ဝေးမည်လော
ဝေးလေလော့ ဝေးလေလော့။

❑ ယခုအခါ ကိုရိုနာကို
ညီညာဝိုင်းလျက် ဖျက်ကာတိုက်မည်
တိုက်ပါမည်လော တိုက်မည်လော
တိုက်လေလော့ တိုက်လေလော့။

**ကိုကျော်စွာ(ကျိုက်ပိ)**

## ဟသ်ာတခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်များအတွင်းရှိ မြို့များ၌ ပါးစပ်၊ နှာခေါင်းစည်းများ သွားရောက်ပေးဝေလှူဒါန်း



**နေပြည်တော် ဇူလိုင် ၁၀**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019(COVID-19) ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့၊ ဇလွန်မြို့၊ လေးမျက်နှာမြို့၊ မြန်အောင်မြို့နှင့် အင်္ဂပူမြို့၊ မအူပင်ခရိုင် ပန်းတနော်မြို့နှင့် ညောင်တုန်းမြို့၊ ဖျာပုံခရိုင် ဖျာပုံမြို့များရှိ လူစည်ကားရာ ဘုရားစေတီများ၊ ဈေးများ၊ လမ်းများ၌ ဒေသခံပြည်သူများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပါးစပ်၊ နှာခေါင်းစည်း ၂၄၀၀၀ ကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့သွားရောက်ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ယာပုံ)

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများနှင့် ဓာတ်ခွဲအတည်ပြုလူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၀**

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကွန်ပျူတာတက္ကသိုလ် (မကွေး)၊ မကွေး ပြည်သူ့ဆေးရုံကြီးနှင့် နယ်မြေခံတပ်မတော်ဆေးရုံတို့ရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့် သူများနှင့် ဓာတ်ခွဲအတည်ပြု လူနာများအတွက် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်၍ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ (ယာပုံ)

ထို့ပြင် Quarantine Center ပြုလုပ်မည့် မကွေးတက္ကသိုလ်ရှိ ဗိဿနိုးအဆောင်ကို မကွေး တပ်နယ်မှတပ်မတော်သားများက ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ နှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှု မခံရစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့ညပိုင်းတွင် အပြင်ထွက်တိုင်း ပါးစပ်၊ နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကိုဆပ်ပြာနှင့် မကြာခဏဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေး ပန်ကြားချက်များကို တိကျစွာ လိုက်နာရန်စသည့်အသိပေးနှိုးဆော်မှုများကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့်တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ် ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲ တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီ တောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များစေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၀**

Coronavirus Disease 2019 (COVID-19) ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များရှိလာသဖြင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စားရေးအဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဇူလိုင် ၉ ရက်နှင့် ယနေ့တို့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ လပွတ္တာမြို့၊ ဟသ်ာတမြို့၊ မအူပင်မြို့နှင့် ဖျာပုံမြို့များရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများကို နယ်မြေခံရဲတပ်ဖွဲ့မှူးရုံးများ၌ သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) မိမိကစ၍ ကာကွယ်ပါ

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို "ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ" ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည် -

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ တပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊
(၃) လူစုလူဝေးရှောင်ပါ၊
(၄) လက်ကို စက္ကန့် (၂၀)ကြာ မကြာခဏ စနစ်တကျဆေးကြောပါ၊
(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ၊
(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့် နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊
(၈) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊
(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊
(၁၀) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊
(၁၁) သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊
(၁၂) ကိုရိုနာဗိုင်းရပ်စ်ရောဂါ သံသယလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ၊
(၁၃) အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို စနစ်တကျ မတပ်ဆင်ခြင်းနှင့် လူစုလူဝေးပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

(၉-၇-၂၀၂၁)

# မင်းဘူးခရိုင်အတွင်း မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို One Stop Service စနစ်ဖြင့် မှတ်ပုံတင်ပြုလုပ်ပေး

**ငဖဲ ဇူလိုင် ၁၀**

မင်းဘူးခရိုင်အတွင်း မြို့နယ်များမှ မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၌ ဇူလိုင် ၇ ရက်မှ ဩဂုတ် ၁၉ ရက်အထိ ရုံးဖွင့် ရက်ပေါင်း ၃၀ အတွင်း One Stop Service စနစ်ဖြင့် ယာဉ်မှတ်ပုံတင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တာဝန်ခံဆောင်ရွက်၍ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပြုလုပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ဌာနဆိုင်ရာများကလည်း ဆက်စပ်ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အတွင်း တရားမဝင် ရောက်ရှိအသုံးပြုနေသည့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ပြီး တရားဝင် စီးနင်းသွားလာနိုင်ရန်၊ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ လျော့နည်းပပျောက်စေရန်၊ နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်၊ မြို့ပြနှင့် ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရန်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်မှုများ ဖြစ်ပေါ်စေရန် ရည်ရွယ်လျက် မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို One Stop Service စနစ်ဖြင့် မှတ်ပုံတင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားထားချက်အရ သိရသည်။

မယု(ငဖဲ)

# ဘုတလင်မြို့နယ်၌ မွေးမြူရေးကဏ္ဍ တိုးတက်စေရန် နွားမွေးမြူရေးဆိုင်ရာ သင်တန်းဖွင့်

**ဘုတလင် ဇူလိုင် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကကြီးမှူး၍ နွားမွေးမြူထုတ်လုပ်ရေးသင်တန်းကို ဘုတလင်မြို့ရှိ OSS ရုံးခန်းမ၌ ဇူလိုင် ၈ ရက်က ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးဇော်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ကျော်လွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ဝက်မွေးမြူထုတ်လုပ်ရေး သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသား ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့သည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အနေဖြင့် အလားတူ သင်တန်းများကို စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ ခရိုင် ခြောက်ခုအတွင်းမှ မြို့နယ်ပေါင်း ၁၇ မြို့နယ်၌လည်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဝိုက်(ပြန်/ဆက်)

မြန်မာ့အသံရေဒီယို
နံနက်(၅း၃၀)မှ ည(၁၁း၀၀)နာရီအထိ
SW 5985 kHz / 9730 kHz
မြန်မာပြည် (အောက်ပိုင်း) MW 576 kHz
မြန်မာပြည် (အလယ်ပိုင်း) MW 594 kHz
မြန်မာ့အသံ FM Radio အား မြို့ကြီး (၈၅)မြို့တွင် ဖမ်းယူရရှိနိုင်ပါသည်။

တိုင်းရင်းသားဘာသာ အစီအစဉ်
နံနက်(၆း၀၀)နာရီမှ ည(၈း၃၀)နာရီအထိ
ကချင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ရိုး)၊ ရခိုင်၊ ရှမ်း၊ "ဝ"၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနု
SW 5915 kHz
နံနက်(၆း၀၀)နာရီမှ ည(၇း၀၀)နာရီအထိ
ကယား၊ ဂေဘာ၊ ဂေဘား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ မွန်
MW 729 kHz
MYANMA RADIO Nationalities Program

သဇင် ရေဒီယို
MW 711 KHz (Central Myanmar)
FM 99.6 MHz (YGN)
နံနက်(၇)နာရီမှ မွန်းတည့်(၁၂)နာရီအထိ
ညနေ(၄)နာရီမှ ည(၉)နာရီအထိ
ရန်ကုန်နှင့်အနီးတစ်ဝိုက် FM 99.6 MHz
မြန်မာပြည်အလယ်ပိုင်း MW 711 kHz

Myanma Radio
(7:00)AM to (11:00) PM
FM Radio
Yangon 94.6 MHz
Pyinmana 101.7 MHz
Sagaing 99.0 MHz
MYANMA RADIO

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးရေး မင်းကင်းမြို့နယ်ရှိ ကျေးရွာပေါင်း ၂၂ ရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်

**မင်းကင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်တွင် ကျေးရွာ ၂၂ ရွာ၌ စီမံကိန်းယူနစ် ၂၀ ကို အကောင်အထည်ဖော်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ထားသည့် ကျေးရွာများမှာ တောင်အောက်၊ ကျော်ရွာ၊ မြို့မ၊ အနောက်ကိုင်း+ကန်သာ၊ အင်းဒေါင်း၊ မြောက်ချွန်း၊ ဇရုံကာ၊ ကုန်းရင်း၊ အနောက်တော၊ ပင်တင်း၊ အုံ့စရာ၊ ယုံသာ၊ တောင်ပတ်၊ မြေနီ၊ ထုံးမန်း၊ ကူလဲ(ရ+န)၊ ညောင်ကုန်း၊ ချောင်းဝ၊ မတောနှင့် ရှားတော ကျေးရွာများဖြစ်ပြီး ကျေးလက်နေပြည်သူ ၂၄၅၂ ဦးအား ချေးငွေ ကျပ် ၁၀၅၆ ဒသမ ၄ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်လျက်ရှိရာ ကျေးရွာခြောက်ရွာ၌ အတိုးရငွေ ကျပ် ၆၄ ဒသမ ၈ သန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၂၁ ဒသမ ၁၂ သန်းနှင့် လှူဒါန်းငွေ... လှူတော်ရန်ပုံငွေ ကျပ် ငါးသန်း စုစုပေါင်း ငွေကျပ် ၉၀ ဒသမ ၉၂ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ရှစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မွေးကြူဇင်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၇-၂၀၂၁ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ ရတနသုတ်ပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ တရုတ်ကာတွန်း **'ပိုးကောင်ကြီး ဥယျာဉ်ခွန့်တားခန်း'** (အပိုင်း-၂၆)
- ၀၉:၃၅ MRTV Travelogue
- ၁၀:၀၀ ဆင်နွဲချိန်ခါမင်္ဂလာတေးသံသာ
- ၁၀:၂၀ **'ဝသဘန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၃:၀၀ မြန်မာနိုင်ငံအရေးအလေးအနက် တွေးသူတစ်ဦးရဲ့စကားသံများ **'ဦးမိုးဟိန်းနှင့်တွေ့ဆုံခြင်း'** (အပိုင်း-၆၂)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'ပေဗွာရေစင်'** (ဝင်းဗိုလ်၊ ခင်သန်းနု)
- ၁၇:၂၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၇:၃၅ ကမ္ဘာမြေသာယာဖို့ မျိုးဆက်ပွား ကျန်းမာရေးကိုမြှင့်တင်စို့
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၀ သုတဝေဖြာသီရိဂေဟာ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း **'အတ္တဝါဒလုထာဝရတည်ဝေ'** (အပိုင်း-၂)
- ၂၂:၀၀ ဟိုးတုန်းကကာက်ဆက်ဇာတ်လမ်းများ **'သုံးမည်ရသုံးဘွဲ့ခံ'** (ဇာတ်သိမ်းပိုင်း)

### mitv

- 07:01 News
- 07:27 Talented Kid "Moe La Win"
- 07:34 Myanmar Traditional Instruments - Myanma Harp (Episode-2)
- 08:01 Discovering Tribes: Da Nu (Their Life and Customs) Part 2
- 08:20 Today Myanmar: Ensuring the Seamless Flow of Maritime Trade and Commodity
- 08:28 Sayit-wyne Girls
- 08:51 Dances of Myanmar (Pre Kayaw Traditional Dance)
- 09:01 19 Hours
- 09:26 Licuala Palm Leaf
- 09:35 Kyauk Gu Umin Cave Gu Pha Ya
- 09:51 Ecotourism: Shameka Taw Ya Monastery and Dolphin Community Lodge
- 11:16 Betel Nut Farmer

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (အပိုင်း-၁၀)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၈)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
စာပေအမြုတေ

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
သွေးလွှန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
မိုးတွင်းညထွက်သား/ငါးရှာဖွေခြင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဒူးရင်းသီးနှင့်ကျန်းမာရေး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ ချစ်စရာ့ရိုးရာအိမ်ကလေး

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ဘီးမုန့်ပြုလုပ်နည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလုပ္ပဘဝများ (ပိုးမွေးမြူရေးနှင့် ဒေါက်ဆွဲနွဲ့အကြောင်း)

### MRTV Parliament

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လောဘနှင့်ဒေါသ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၁၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရေအဆုံးကုန်းတစ်ဝက်'**
- ၁၁:၁၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၂)

### MRTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၆:၀၀ ၂၀၂၁ခုနှစ် တိုင်းနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲစကားသံများ

SCAN ME
MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews




## လိပ်သိုမြို့ဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**လိပ်သို ဇူလိုင် ၁၀**

ကရင်ပြည်နယ် လိပ်သိုမြို့ဝင် ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် Mask Campaing ပြုလုပ်ခြင်း၊ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ခရီးသွားလာခြင်း ရှိ/မရှိ စစ်ဆေးခြင်းကို ဇူလိုင် ၉ ရက်က စတင်၍ လိပ်သိုမြို့ဝင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ နေအိမ်ပြင်ပသို့ ထွက်ခွာပါက နှာခေါင်းစည်းတပ်ဆင်ကြရန် အသိပညာပေးခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ ကျန်းမာရေးညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ကြသည်။

အဆိုပါ စစ်ဆေးခြင်းကို လိပ်သိုမြို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**နွယ်နွယ်ခိုင် (ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀-၇-၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၄၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၅ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၆၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၆ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၂ . ၇၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၀၆၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၀ | ၄၇၆၃၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၁၃၆ | ၁၇၈၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁ | ၇၈၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၂၅၀ | ၃၂၅၀ | ၁၂၀ | ၃၉၀၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁ | ၄၉၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# အတ္တသမာပဏိဓိစ

## ကိုယ်နှင့်စိတ်ကို ကောင်းမြတ်သည့်ကျင့်စဉ်အတိုင်း ကျင့်ကြံနေထိုင်ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

ဘုရားရှင်က "အတ္တသမာပဏိဓိစ" ကိုယ်နှင့်စိတ်ကို ကောင်းမြတ်သည့် ကျင့်စဉ်အတိုင်း ကျင့်ကြံနေထိုင်ခြင်းသည် မင်္ဂလာမည်၏ဟု ဟောကြားပါသည်။ ကိုယ်နှင့် စိတ်တွင် ရှေးဦးစွာ ကိုယ်ခန္ဓာအကြောင်းကို ဆွေးနွေးချင်ပါသည်။ မင်္ဂလာတရားတော်အရ ကိုယ်ခန္ဓာကို ကောင်းမြတ်သည့် ကျင့်စဉ်အတိုင်း ထိန်းသိမ်းစောင့်ရှောက် နေထိုင်ရပါမည်။ ယနေ့ ၂၁ရာစုတွင် လူတစ်ယောက်သည် ပညာထူးချွန်ရုံဖြင့် အောင်မြင်မှု မရရှိနိုင်သည်ကို သိနေကြပြီဖြစ်ပါသည်။ ပညာထူးချွန်ခြင်းသည် အိုင်ကျူ (IQ; Intelligence Quotient) ဟုခေါ်သည့် ဉာဏ်ရည်ကောင်းခြင်းဖြစ်ပါသည်။ အိုင်ကျူအပြင် အီးကျူ (EQ; Emotional Intelligence) ဟု ခေါ်သည့်နှလုံးသား အရည်အသွေး၊ (CQ;Culture Intelligence) ဟုခေါ်သည့် မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းများကို နားလည်လက်ခံပေးသည့် အရည်အသွေး (SQ; Spiritual Intelligence) ဟုခေါ်သည့် ဘဝရှင်သန်ခြင်း၏ ရည်ရွယ်ချက်ကို သိရှိလိုက်နာသည့် အရည်အသွေးနှင့် Physical Intelligence ဟုခေါ်သည့် မိမိခန္ဓာကိုယ်ကို အသိဉာဏ်ရှိစွာ ထိန်းသိမ်း စောင့်ရှောက်နိုင်သည့် အရည်အသွေးငါးမျိုးကို ပိုင်ဆိုင်မှသာ ချမ်းသာအောင်မြင်ခြင်းများ ရနိုင်မည်ကို အောင်မြင်ရေးဆရာများက ရေးသား ဟောပြောနေကြပါသည်။ တက္ကသိုလ်များကလည်း သုတေသနတွေ့ရှိချက်များနှင့် အတည်ပြုထားပါသည်။

**ခန္ဓာကိုယ်ကို စောင့်ရှောက်နည်း**

မိမိခန္ဓာကိုယ်ကို အသိဉာဏ်ရှိစွာ ထိန်းသိမ်းစောင့်ရှောက်ရမည်ဆိုသည်ကို ၂၁ ရာစုတွင်မှ ပညာရှင်များက ပြောလာခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ဗုဒ္ဓဘုရားရှင်က လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်ကတည်းက "အတ္တသမာပဏိဓိစ" ကို ဟောခဲ့ပါသည်။ မိမိကိုယ်ခန္ဓာကို ကောင်းမြတ်သည့်ကျင့်စဉ်ဖြင့် ကျင့်ကြံနေထိုင်ရမည်။ ကောင်းမြတ်သည့် ကျင့်စဉ်ဆိုသည်မှာ မိမိကျန်းမာရေးကို မိမိအချိန်ပြည့် ဂရုစိုက်ရန် လိုသည်။ အစားအသောက်ကို အလွန်အကျွံစားခြင်းမှရှောင်ပြီး သင့်တင့်မျှတစွာ စားသောက်ရမည်။ အာဟာရပြည့်ဝအောင် စားသောက်ရမည်။ ပရိုတင်းကို ဖြစ်စေသည့် အသားဓာတ်ကို သင့်တင့်မျှတစွာ စားရန် လိုသလို၊ ကာဗိုဟိုက်ဒြိတ် ဟုခေါ်သည့် စွမ်းအင်ကို ဖြစ်စေသော ကဆီဓာတ်ကိုလည်း စားရန်လိုသည်။ အဆီလည်းစားဖို့လိုသကဲ့သို့ ဗီတာမင်နှင့် ခန္ဓာကိုယ်တွင်လိုသော သတ္တုဓာတ်များကိုဖြစ်စေသည့် ဟင်းသီးဟင်းရွက်နှင့် အစေ့အဆံများကိုလည်း စားရမည်ဖြစ်ပါသည်။ သင့်တင့်သည့် ကိုယ်လက်လှုပ်ရှားခြင်းကို နေ့စဉ်ပြုလုပ်ပြီး စိတ်ဖိစီးမှုကို လျှော့ချရန်လိုသလို ကောင်းစွာလည်း အိပ်စက်အနားယူရန်လည်း လိုပါသည်။

> **မိမိခန္ဓာကိုယ်ကို အသိဉာဏ်ရှိစွာ ထိန်းသိမ်းစောင့်ရှောက်ရမည်ဆိုသည်ကို ၂၁ ရာစုတွင်မှ ပညာရှင်များက ပြောလာခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ဗုဒ္ဓဘုရားရှင်က လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်ကတည်းက "အတ္တသမာပဏိဓိစ"ကို ဟောခဲ့ပါသည်။ မိမိကိုယ်ခန္ဓာကို ကောင်းမြတ်သည့်ကျင့်စဉ်ဖြင့် ကျင့်ကြံနေထိုင်ရမည်။ ကောင်းမြတ်သည့်ကျင့်စဉ်ဆိုသည်မှာ မိမိကျန်းမာရေးကို မိမိအချိန်ပြည့် ဂရုစိုက်ရန် လိုသည်။ အစားအသောက်ကို အလွန်အကျွံစားခြင်းမှရှောင်ပြီး သင့်တင့်မျှတစွာ စားသောက်ရမည်။ အာဟာရပြည့်ဝအောင် စားသောက်ရမည်**

**မြန်မာစကားပုံများ**

ကျွန်တော်တို့ မြန်မာစကားပုံတွင် "အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း" ဆိုသည့် စကားပုံရှိပါသည်။ အန္တရာယ်ရှိသော အစားတစ်လုတ်သည် ကျွန်တော်တို့ ခန္ဓာကိုယ်ကို ဒုက္ခပေးနိုင်ပါသည်။ ယနေ့ခေတ်တွင် အချိုမှုန့်များ အလွန်အကျွံ သုံးစွဲကြပါသည်။ အချိုမှုန့်ကို ရေရှည်အလွန်အကျွံ စားသုံးပါက လူကို အန္တရာယ်ပေးနိုင်သည်ကို ဆရာဝန်များက သတိပေးထားပါသည်။ အသင့်စား၍ရသော အစားအသောက်များ၊ ကြာရှည်ခံအောင် ပြုလုပ်ထားသည့် အစားအသောက်များသည်လည်း ရေရှည်စားသုံးရန် မသင့်ပါ။ အကင်ဆိုင်များတွင် အကင်များကို တူးနေအောင် ကင်ထားသည်ကို မကြာခဏ တွေ့နေရပါသည်။ အသားများကို တူးနေအောင် ကင်သည့်အခါ ကင်ဆာရောဂါကို ဖြစ်စေသည့် ကာစီနိုဂျင် (Carcinogens) ဖြစ်လာပါသည်။ "ဆေးလည်းအစာ အစာလည်းဆေး" ဆိုသကဲ့သို့ ကျွန်တော်တို့အတွက် ဘေးမဖြစ်ဘဲ ဆေးဖြစ်အောင် ရွေးချယ် စားသောက်တတ်ရပါမည်။

**အင်္ဂလိပ်စကားပုံများ**

အင်္ဂလိပ်အဆိုလေးတစ်ခုကလည်း "သင်စားသည့် အစားအသောက်သည် သင့်အတွက် အကောင်းဆုံး ဆေးဖြစ်နိုင်သလို သင်စားသည့် အစားအသောက်သည် အဆိပ်လည်း ဖြစ်နိုင်သည်" ဟု ဆိုပါသည်။ သိပ်ကောင်းသည့် အဆိုဖြစ်ပါသည်။ ကျွန်တော်တို့က အဆိပ်တွေကို စားနေခြင်းမှ ရှောင်ရှားနိုင်မှ ခန္ဓာကိုယ်ကျန်းမာခြင်းကို ရပါမည်။ အဆိပ်နှင့် ပတ်သက်၍ ကျွန်တော်၏ညီ ဆရာဝန်ကြီးပြောသည်ကို ဝေမျှလိုပါသည်။ "ကိုယ်ခန္ဓာမှ အဆိပ်များကို ဖယ်ရှားလို၍ မည်သည့်အဆိပ်ဖြေဆေး (detox) သုံးရမည် လဲ" ဟု မေးဖူးပါသည်။ ကျွန်တော်၏ညီ ဆရာဝန်ကြီးက "အဆိပ်တွေ မစားတာ အကောင်းဆုံးအဆိပ်ဖြေဆေးပဲ" ဟု ပြန်ပြောခဲ့ပါသည်။

ယနေ့ခေတ်တွင် ကျန်းမာရေးနှင့် မပြည့်စုံ၍ ငယ်ငယ်ရွယ်ရွယ်နှင့် လေ့လေ့လော်ရင်း တက်ကျိုးသွားသူများကို အများအပြားတွေ့နေရပါသည်။ မိမိခန္ဓာကိုယ်ကို ကောင်းစွာပြုစုစောင့်ရှောက်မှသာ ချမ်းသာ အောင်မြင်မှုကို ရရှိနိုင်ပါမည်။ အသက်ငယ်ငယ်နှင့် အဝလွန်ပြီး ဆီးချို၊ သွေးချို၊ သွေးတိုး စသည့် ရောဂါဖြစ်နေသူများကို အများအပြား တွေ့နေရပါသည်။ ချမ်းသာအောင်မြင်လာသော်လည်း ကျန်းမာရေး ချို့ယွင်းနေလျှင် ချမ်းသာအောင်မြင်မှု၏ အကျိုးကိုမခံစားနိုင်ပါ။ ပျော်ရွှင်မှုလည်း မရှိနိုင်ပါ။ "အာရောဂျပရမာလာဘံ" ဆိုသည့်အတိုင်း ကျန်းမာရေးနှင့် ပြည့်စုံခြင်းသည် လာဘ်တစ်ပါး ဖြစ်ပါသည်။

နောက်ထပ်အင်္ဂလိပ် အဆိုတစ်ခုကတော့ "Healthy Body, Healthy Mind, Healthy Spirit" ဟု ဆိုပါသည်။ ဘာသာပြန်ရလျှင် ကျန်းမာနေသည့် ကိုယ်ခန္ဓာသည် ကျန်းမာသည့် စိတ်ဓာတ်၊ အတွေးအခေါ်တွေ ဖြစ်စေပါသည်။ ဤအတွက်ကြောင့် စိတ်အကြောင်း မပြောမီ ကိုယ်ခန္ဓာကျန်းမာရေးကို ဦးစွာပြောရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ နေထိုင်သည့် အိမ်တွင် မည်သည့်နေရာတွင် ရေချိုးခန်းရှိသည်၊ အိပ်ခန်းရှိသည်၊ မီးဖိုချောင်ရှိသည်ကို ကောင်းစွာ သိပါသည်။ အိပ်ခန်းထဲတွင် ခုတင်ဘယ်နှစ်လုံး ရှိသည်၊ မီးဖိုခန်းထဲတွင် ရေခဲသေတ္တာရှိသည်၊ ရေချိုးခန်းထဲတွင် ရေတိုင်ကီ ဘယ်နှစ်လုံးရှိသည်ကို လူတိုင်းလိုလို သိကြပါသည်။ သို့သော် ကျွန်တော်တို့ မွေးဖွားစဉ်ကတည်းက မိမိနှင့်အတူရှိနေသော ခန္ဓာကိုယ်တွင် မည်သည့်အင်္ဂါများ ပါရှိကြောင်းကို ဆရာဝန်များမှ လွဲလျှင် သိသူ အလွန်နည်းပါးသည်။ နှလုံး၊ အဆုတ်၊ အသည်း၊ အစာအိမ်၊ ပန်ကရိယ၊ သည်းခြေ၊ သရက်ရွက်၊ ကျောက်ကပ် စသဖြင့် မိမိ ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါများ မည်သို့ အလုပ်လုပ်သည်။ အင်္ဂါတစ်ခုခုချို့ယွင်းလျှင် မည်သည့် လက္ခဏာများ ပြတတ်သည်ဆိုသည့် ကျန်းမာရေး အသိပညာများရှိရန် လိုအပ်ပါသည်။ ကျန်းမာရေး အသိပညာများ ရှိရန် စာဖတ်ရပါမည်။ အင်တာနက်မှလည်း ဖတ်ရှုလေ့လာနိုင်ပါသည်။ ကျန်းမာရေး အသိပညာရှိသူသည် မိမိကိုယ်ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ပါသည်။

**စိတ်ကို စောင့်ရှောက်နည်း**

ကိုယ်ခန္ဓာကို ကောင်းစွာ မည်သို့ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ရှင်းပြပြီးနောက် စိတ်ကိုလည်း ကောင်းမြတ်သည့်ကျင့်စဉ်အတိုင်း ကျင့်ကြံနေထိုင်ရန် လိုအပ်သည့် အချက် ၇ ချက်ကို တင်ပြပါမည်။

၁။ ပထမ ကောင်းမြတ်သည့် ကျင့်စဉ်က ကိုယ်ချင်းစာစိတ် ထားရပါမည်။ ကိုယ်ချင်းစာစိတ်ရှိသူသည် နှလုံးသားအရည်အသွေးကောင်းသူ ဖြစ်ပါသည်။ ကိုယ်ချင်းစာစိတ်ထက် သူချင်းစာစိတ် ထားစေချင်ပါသည်။ ကိုယ်ချင်းစာစိတ်သည် ကိုယ်နှင့်နှိုင်းပြီး တစ်ဖက်သားကို စာနာပေးခြင်း၊ စဉ်းစားပေးခြင်း ဖြစ်ပါသည်။ အရက်ကြိုက်သူက အရက်မသောက်တတ်သူကို အရက်ဆိုင် ခေါ်သွားပြီး ကိုယ်ချင်းစာစိတ်ဖြင့် အတင်း အရက်တိုက်၍ မရပါ။ အပျော်အပါးကြိုက်သူကလည်း အပျော်အပါး မကြိုက်သည့် သူငယ်ချင်းကို ကိုယ်ချင်းစာစိတ်ထားပြီး မိမိလို အပျော်အပါး ကြိုက်မှာပါဟု တွေး၍ မရပါ။ တစ်ဖက်သားက ဘာကိုကြိုက်တာလဲ၊ တစ်ဖက်သားက ဘယ်လိုပြုမူ ပြောဆိုတာကို ကြိုက်တာလဲ စတာတွေကို သတိထားပြီး သူချင်းစာစိတ်နှင့် ပြုမူပြောဆိုရပါမည်။

၂။ ဒုတိယ ကောင်းမြတ်သည့် ကျင့်စဉ်က နှိမ့်ချသည့်စိတ်ရှိရပါမည်။ မာနရှိသူက မိမိကိုယ်မိမိ နှိမ့်ချရန် ခက်ပါသည်။ မာနသည် မထားသင့်သည့်အရာ ဖြစ်ပါသည်။ မာနထဲမှာ စာရိတ္တ မာနကလွဲလျှင် မည်သည့်မာနမှ မထားသင့်ပါ။ ဖေ့စ်ဘွတ်ပေါ်တွင်လည်း "ဘယ်သူက ဘာပြောလို့ ဘယ်လို ပြန်ပြောခဲ့တယ်။ လာမလုပ်နဲ့နော် တို့က ဒါမျိုးဆိုမရဘူး၊ တို့ကိုထိရင်တော့ မီးပွင့်သွားမယ်၊ တောက်ပစ်လိုက်မယ်" စသည်ဖြင့် အမြဲတွေ့နေရပါသည်။ ဤကဲ့သို့ စိတ်များထားခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ စိတ်ကိုကောင်းမြတ်သည့် ကျင့်စဉ်နှင့် နေထိုင်ခြင်း မဟုတ်သည်ကို သတိပြုစေလိုပါသည်။

*စာမျက်နှာ ၂၁ သို့*

ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်း စာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

**စာတည်းအဖွဲ့**

# ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစင်တာများ ဖွင့်လှစ်ဆောင်ရွက်



**ပဲခူး ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၉ ရက်က ပဲခူးမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစင်တာများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်းပွဲကြည့်စင်၌ ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးစင်တာ၊ ပဲခူးမြို့ GTI ကျောင်း၌ ဖွင့်လှစ်မည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးစင်တာ၊ ပဲခူးတက္ကသိုလ်ဆေးရုံ၌ ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးစင်တာနှင့် ပဲခူးမြို့ အသောကဘုန်းတော်ကြီးကျောင်းရှိ Facility Quarantine စင်တာများသို့ သွားရောက်ပြီး ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအားပေးပြီး လျှပ်စစ်မီး၊ ရေ၊ အင်တာနက်၊ လုံခြုံရေးကင်မရာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပဲခူးမြို့နယ် အင်းတကော်မြို့အဝင် ဝင်းဘော်ဒတ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ် အသစ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး မှာကြားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များသို့လည်း အောက်ဆီဂျင်အိုး အလုံး ၅၀၀ ကို ဖြန့်ဖြူးပေးကာ ပဲခူးမြို့၌ Oxygen Plant တည်ဆောက်ရန်အတွက် လိုအပ်သောစက်ပစ္စည်းများ မှာယူထားရှိပြီးဖြစ်ကြောင်း၊ မြို့နယ်ဆေးရုံများ အားလုံးတွင်လည်း Oxygen Plant တပ်ဆင်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားပြီးဖြစ်၍ မကြာမီဆေးရုံများ၌ လိုအပ်လျက်ရှိသော Oxygen များ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်တော့မည်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

*စာမျက်နှာ ၂၀ မှ*

နှိမ့်ချသည့်စိတ်၊ သည်းခံသည့်စိတ်ကို မွေးမြူမှသာ မင်္ဂလာတရားတော်နှင့် ညီပါမည်။

၃။ တတိယ ကောင်းမြတ်သည့်ကျင့်စဉ်က ကိုယ်ကျင့်တရားကောင်းပြီး ဖြောင့်မတ်သည့် စိတ်ထားရန် လိုပါသည်။

၄။ စတုတ္ထ ကောင်းမြတ်သည့်ကျင့်စဉ်က လူတွေအပေါ်မှာ မေတ္တာကရုဏာ ထားရပါမည်။ မေတ္တာ ကရုဏာထားသည့်အခါ စိတ်သဘောထားလည်း နူးညံ့လာပါသည်။ စိတ်သဘောထား နူးညံ့လာသည့်အတွက် စကားပြောသည့်အခါ ယဉ်ယဉ်ကျေးကျေး ပြောတတ်လာပါမည်။ လူတိုင်းအပေါ်မှာ မေတ္တာထားနိုင်လျှင် မနာလိုဝန်တိုစိတ်လည်း ကင်းလာပါမည်။ မိမိထက် နိမ့်ပါးသူ၊ ပစ္စည်းဥစ္စာ မပြည့်စုံသူ၊ ဒုက္ခရောက်နေသည့် လူများအပေါ်တွင်လည်း ကရုဏာထားသည့်စိတ် ကျွန်တော်တို့ ထားရပါမည်။ ကိုယ့်ထက်သာလျှင် မနာလိုသည့်စိတ်တွေဖျောက်ပြီး တစ်ဖက်သားကြီးပွားချမ်းသာအောင်မြင်သည်ကို မုဒိတာပွားနိုင်ရပါမည်။

၅။ ပဉ္စမကောင်းမြတ်သည့် ကျင့်စဉ်က စိတ်ခွတ်ခိုင်မာအောင် မိမိကိုယ်မိမိ ပြုစုပျိုးထောင်ရန် လိုပါသည်။ တစ်ဖက်သား၏ ဝေဖန်ခြင်းကို ခံနိုင်ရည်ရှိခြင်း၊ အရှုံးနှင့် ရင်ဆိုင်ရသည့်အခါ ပြန်ထပြီး အောင်မြင်အောင် လုပ်နိုင်ခြင်း၊ အခက်အခဲတွေ့သည့်အခါ ဇွဲရှိရှိနှင့် ကျော်ဖြတ်နိုင်ခြင်း စသည်တို့သည် စိတ်ခွတ်ခိုင်မာသူတို့၏ အမူအကျင့်များဖြစ်ပါသည်။ အကြိမ်မည်မျှ လဲကျသည်က အရေးမကြီးပါ။ လဲကျတိုင်း ပြန်ထနိုင်ရန်သာ အရေးကြီးပါသည်။

ဆဋ္ဌမကောင်းမြတ်သည့် ကျင့်စဉ်က ဝီရိယရှိရန်ဖြစ်ပါသည်။ ဝီရိယရှိသူက အလုပ်ကို ကြိုးလုပ်ပါသည်။ အလုပ်ပြီးအောင် ကြိုးစားအားထုတ်ပါသည်။ အချိန်ကို လေးစားပါသည်။ ချိန်းထားသည့်အချိန်ကို ရောက်အောင်သွားပါမည်။ မော်တော်ကား ကျပ်၍၊ မိုးရွာနေ၍၊ နေမကောင်း၍ ဆိုသည့်အကြောင်းပြချက်များ ပေး၍ မရပါ။

၇။ သတ္တမ ကောင်းမြတ်သည့်ကျင့်စဉ်က အများအကျိုးကို နေ့စဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ လူရယ်လို့ဖြစ်လာလျှင် အများအကျိုးကို ဆောင်ရွက်မှသာ လူဖြစ်ရကျိုးနပ်ပါမည်။

နိဂုံးချုပ်အနေဖြင့် ကိုယ်နှင့်စိတ်ကို ကောင်းမြတ်သည့်ကျင့်စဉ်အတိုင်း ကျင့်ကြံနေထိုင်သူသည် မင်္ဂလာတရားတော်နှင့်ညီသည့်အတွက် ချမ်းသာအောင်မြင်ခြင်းကို ကေန်မုချရရှိပါမည်။

**"မှတ်သားစရာ"**

**ကျန်းမာရေးအသိပညာဖြင့် ခန္ဓာကိုယ်ကို**
**ကောင်းစွာစောင့်ရှောက်ရန်လိုသလို**
**ကောင်းမြတ်သည့်ကျင့်စဉ်ဖြင့် စိတ်ကို**
**စောင့်ရှောက်နိုင်ပါမှ ချမ်းသာအောင်မြင်နိုင်သည်။**


ကျမ်းကိုး

၁။ မြန်မာစကားပုံ။ မြန်မာစာအဖွဲ့ ဦးစီးဌာန။

၂။ Don't over cook your meat by Peggy Emch.

၃။ Multiple Intelligence or Quotient by Umiya Career Development Council.


# စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မုံရွာ ဇူလိုင် ၁၀**

၂၀၂၁ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗိုလ်လုပွဲစဉ်အဖြစ် သုံးယောက်တွဲပြိုင်ပွဲ ယင်းမာပင်မြို့နယ် အမျိုးသားပိုက်ကျော်ခြင်းအသင်းနှင့် မြင်းမူမြို့နယ် အမျိုးသား ပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး မြင်းမူမြို့နယ် ပိုက်ကျော်ခြင်းအသင်းမှ ယင်းမာပင်မြို့နယ် ပိုက်ကျော်ခြင်းအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးတင်သန်းဝင်းက အမျိုးသမီးပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ဝက်လက်မြို့နယ် အသင်း၊ အမျိုးသား ပိုက်ကျော်ခြင်း၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ရွှေဘိုမြို့နယ်အသင်း အမျိုးသမီး ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ယင်းမာပင်မြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆု၊ ဒိုင်းဆုများကို လည်းကောင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ရီရီသန်းက အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသော စစ်ကိုင်းမြို့နယ်အသင်း၊ အမျိုးသမီးပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော မြောင်မြို့နယ်အသင်းနှင့် အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော မြင်းမူမြို့နယ် အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆု၊ ဒိုင်းဆုများကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမျိုးသမီးပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် တတိယဆုရရှိသော ရေဦးမြို့နယ်အသင်း၊ အမျိုးသမီး ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ခန္တီးမြို့နယ်အသင်း၊ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ခန္တီးမြို့နယ်အသင်း၊ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ယင်းမာပင်မြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များနှင့် ငွေသားဆု၊ ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမျိုးသမီး ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော မြောင်မြို့နယ်အသင်းနှင့် အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက် တွဲပြိုင်ပွဲတွင် ပထမဆုရရှိသော မြင်းမူမြို့နယ်အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ဒေါနခြံရပ်ကွက်ရှိ ရက်ကန်းသင်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် Quarantine Center အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ များနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

**အိုဇုန်းလွှာနှင့် ရာသီဥတုကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့**

# ကြက်သွန်နီ တန်ဖိုးမြှင့်ထုတ်ကုန်များဆီသို့

ယဉ်ဝင်းခိုင် (စားသုံးသူရေးရာဦးစီးဌာန)

ကြက်သွန်နီသည် ကမ္ဘာတစ်ဝန်းလုံးတွင် စားသုံးသော ဟင်းသီးဟင်းရွက်အုပ်စုအဖြစ် သတ်မှတ်ထားပြီး အဓိကအားဖြင့် အစားအစာနှင့် အချက်အပြုတ်ပြင်ဆင်မှုများတွင် အသုံးပြုသည်။ ကြက်သွန်နီကို နှစ်ပေါင်း ၅၀၀၀ ကျော်မှ စတင်သိရှိခဲ့ကြပြီး ယခုအခါ နိုင်ငံပေါင်း ၁၄၀ ကျော်ခန့်တွင် စိုက်ပျိုးလျက်ရှိရာ အိမ်ထောင်စုအားလုံးနီးပါးတွင် တစ်နှစ်ပတ်လုံး နေ့စဉ်အစားအစာ၏ အစိတ်အပိုင်းအဖြစ် စားသုံးလျက်ရှိပါသည်။ ကြက်သွန်နီသည် အရေးပါသောအစာအာဟာရဖြစ်ပြီး လူတစ်ဦးချင်းစီ၏ စားသုံးမှုသည် တစ်နှစ်လျှင် ပျမ်းမျှ ၆ ဒသမ ၂ ကီလိုဂရမ်ခန့် ရှိပါသည်။ (National Onion Association, 2013)။ မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး ကြက်သွန်နီသုံးစွဲမှုမှာ စုစုပေါင်းတန်ချိန် ၆၄၁၂၁၅ တန်ခန့် ရှိပါသည်။

### ဘက်တီးရီးယားနှင့် မိုင်းရပ်စ်ကူးစက်မှုများကို ကာကွယ်

ကြက်သွန်နီသည် လူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဆိုဒီယမ်နှင့် အဆီပါဝင်မှုမှာ အလွန်နည်းပြီး အာဟာရနှင့် ကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည့် ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ သံဓာတ်နှင့် ကယ်လစီယမ်တို့ပါဝင်၍ ကပ်ပါးကောင် (fungal)၊ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်ကူးစက်မှုများကို ကာကွယ်ပေးနိုင်သည်ဟု လူ့အဖွဲ့အစည်းအများစုက ယုံကြည်လက်ခံထားကြသည်။ ကြက်သွန်နီတွင် သဘာဝကျကျဖြစ်ပေါ်နေသော organo–sulfur ဒြပ်ပေါင်းများသည် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ကင်ဆာဖြစ်နိုင်ခြေများကို လျှော့ချပေးနိုင်သည့်အပြင် ကိုယ်လက်ရောင်ရမ်းခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါကို ကာကွယ်ပေးနိုင်ပါသည်။ (Corzo–Martinez et al 2007)။ ကြက်သွန်နီစားသုံးခြင်းဖြင့် အစာအိမ်အနာကို တားဆီးနိုင်သည့်အပြင် ပျို့အန်ခြင်းကဲ့သို့သော ကျန်းမာရေးအခြေအနေများအတွက် လူကြိုက်များသော အိမ်သုံးဆေးတစ်မျိုး ဖြစ်ပါသည်။



ကြက်သွန်ငါးပိ




ကြက်သွန်ချဉ်

ကြက်သွန်နီတန်ဖိုးမြှင့်ထုတ်ကုန်များ

**ကြက်သွန်နီကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပျက်စီးဆုံးရှုံးခြင်းနှင့် ကြက်သွန်ပေါ်ချိန် ဈေးနှုန်းကျဆင်းမှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်**

### တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်

ကြက်သွန်နီသည် ပျက်စီးလွယ်သောကုန်ကြမ်းဖြစ်ပြီး သာမန်အခြေအနေများတွင် ရိတ်သိမ်းပြီးနောက် အချိန်ကြာမြင့်စွာ သိုလှောင်၍မရခြင်းနှင့်သင့်လျော်သော ရိတ်သိမ်းချိန်လွန်သိုလှောင်ရုံအဆောက်အအုံများမရှိပါက ဇီဝဓာတုဖြစ်စဉ်များ၊ ပိုးမွှားများအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်စေနိုင်သည်။ ကြက်သွန်နီကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပျက်စီးဆုံးရှုံးခြင်းနှင့် ကြက်သွန်ပေါ်ချိန် ဈေးနှုန်းကျဆင်းမှုကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ အစားအစာနှင့် ဆေးဘက်ဆိုင်ရာရည်ရွယ်ချက်များအတွက် ကြက်သွန်နီကိုလူသိများမှုနည်းပါးသော်လည်း အခြားနည်းလမ်းအသုံးပြုမှုဖြစ်သော အသင့်စား သို့မဟုတ် လတ်ဆတ်သော ကြက်သွန်နီ၊ ကြက်သွန်နီငါးပိ၊ သွေ့ခြောက်သော ကြက်သွန်အလွှာများ၊ ကြက်သွန်အမှုန့်၊ ကြက်သွန်ဆီ၊ ကြက်သွန်နီ ရှာလကာရည်၊ ကြက်သွန်အဖျော်ယမကာ၊ ကြက်သွန်နီငံပြာရည်၊ ကြက်သွန်ချဉ်၊ ကြက်သွန်နီဆား စသည်ဖြင့် ကြက်သွန်နီမှတန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိကြောင်း လေ့လာသိရှိရပါသည်။ အချို့သော အစားအစာ ထုတ်ကုန်များတွင် ကြက်သွန်ဆီကို သဘာဝအစားအစာထိန်းသိမ်းမှုအဖြစ် အသုံးပြုသည်။ ကြက်သွန်နီဆားကို စားပွဲဆားအဖြစ် အသုံးပြုနိုင်သည်။



ကြက်သွန်ဖျော်ရည်




ကြက်သွန်ဆား




ကြက်သွန်ဆီ




ကြက်သွန်မှုန့်



ကြက်သွန်ခြောက်






ကြက်သွန်ကွင်းကြော်

ကြက်သွန်နီတန်ဖိုးမြှင့် ထုတ်ကုန်များ။

### အာဟာရ ပြည့်ဝ

ကြက်သွန်အခြောက်အဖြစ် ပြုပြင်ထုတ်လုပ်ခြင်းသည် သာမန်အားဖြင့် ကြက်သွန်နီကို လပေါင်းများစွာထိန်းသိမ်းရန်အတွက် ထိရောက်သော လုပ်ငန်းစဉ်တစ်ခုဖြစ်၍ ရေရှည်သိုလှောင်ထားနိုင်ပြီး စားသုံးသူများကို တစ်နှစ်ပတ်လုံး အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်စေပါသည်။ ခြောက်သွေ့အောင် ပြုလုပ်ထားသော အစားအစာများသည် အခြားမည်သည့်ထိန်းသိမ်းထားသည့် အစားအစာအမျိုးအစားထက်မဆို အာဟာရဓာတ်ပိုမိုစုစည်းထားနိုင်သည်။ ခြောက်သွေ့အောင် ပြုလုပ်ထားသော ကြက်သွန်နီ တန်ဖိုးမြှင့်ထုတ်ကုန်များအား လုံးနီးပါးသည် သိုလှောင်ရန် လွယ်ကူခြင်း၊ အလေးချိန်ပိုမိုပေါ့ပါးပြီး လတ်ဆတ်သော သို့မဟုတ် အခြားပြုပြင်ထားသော ကြက်သွန်နီများထက် ပမာဏသေးငယ်ခြင်းစသည်တို့သည် အခြောက်ခံထားသော ကြက်သွန်နီ၏ အဓိက အားသာချက်များ ဖြစ်ကြသည်။ စည်သွတ်ဘူးများနှင့် နှိုင်းယှဉ်ပါက ထုပ်ပိုးမှုကုန်ကျစရိတ်လည်း ပိုမိုသက်သာစေနိုင်သည်။ ကြက်သွန်ခြောက်ကို အမှုန့် သို့မဟုတ် အချိုမှုန့်အနေဖြင့်လည်း အသုံးပြုနိုင်သည်။ ကြက်သွန်နီခြောက်ကို ၁၉ ရာစုမှ စတင်၍ အနည်းငယ်သာ ထုတ်လုပ်ခဲ့ကြသည်။ သေသပ်လှပစွာထုပ်ပိုးထားသည့် အခြောက်ခံထားသော ကြက်သွန်နီသည် အစားအစာထုတ်ကုန်များထဲတွင် လူကြိုက်များမှုကြောင့် ကမ္ဘာအနှံ့တွင် စားသုံးမှုများပြားလာသည်ကို တွေ့ရှိရပါသည်။ အသင့်စား သို့မဟုတ် အသုံးပြုရန်အတွက် အဆင်သင့်ဖြစ်သည့် ကြက်သွန်သည် ကြက်သွန်နီ အခွံဖယ်ရှားရခြင်း၊ ဖြတ်တောက်ခြင်းစသည်ဖြင့် အစားအစာပြင်ဆင်မှုအချိန်ကို လျှော့ချပေးနိုင်သည်။ တနည်း အားဖြင့် ကြက်သွန်နီများကို အကွင်းလိုက်လှီးဖြတ်ပြီး သင့်လျော်သောထုပ်ပိုးပစ္စည်းများတွင် သိုလှောင်ထားသည့် ကြက်သွန်နီများကို အပူချိန်နိမ့်သော (Frozen) တွင် အေးခဲထားခြင်းဖြစ်ပြီး ၁၂ လခန့်ထိ သိုလှောင်၍ အသုံးပြုနိုင်သည်။

### ကောင်းမွန်သော ဈေးကွက်ရရှိနိုင်

ကြက်သွန်နီအမှုန့်သည် သန့်စင်ထားသော ကြက်သွန်နီအမျိုးအစားဖြစ်ပြီး လတ်ဆတ်သော ကြက်သွန်နီ၏ အရသာမပျောက်ပျက်ဘဲ အဆင်ပြေစွာအသုံးပြုနိုင်သည်။ ကြက်သွန်အမှုန့်ကို အစားအစာ၊ အချဉ်ရည်၊ အသုပ်၊ ဟင်းချို၊ ဟင်းသီးဟင်းရွက်ကြော်များတွင် အရသာအနေဖြင့် အလယ်အလတ်အရွယ်ရှိသော ကြက်သွန်နီပမာဏခန့် ထည့်၍ အစား ထိုးအသုံးပြုနိုင်ပါသည်။ ထို့အပြင် ကြက်သွန်မှုန့်ကို ထုပ်ပိုးထားသော ဟင်းချိုများ၊ ဆော့စ်များ၊ ခေါက်ဆွဲ များ၊ ပင်လယ်စာနှင့် အသားများကိုပြင်ဆင်ရာတွင် အသုံးပြုသည်။ ကြက်သွန်နီအမှုန့်သည် လတ်ဆတ်သောကြက်သွန်နီများနှင့် စာလျှင် ကိုင်တွယ်ရန် ပိုမိုလွယ်ကူပြီး ချက်ပြုတ်နေစဉ်လှီးဖြတ်ရန် မလိုသောကြောင့် အချိန်ကုန်သက်သာ ၍ အသုံးပြုရန် ပိုမိုလွယ်ကူပါသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် ကြက်သွန်မှုန့် ဝယ်လိုအား တိုးမြင့်သည်ကို တွေ့ရှိရပြီး မြို့ပြလူနေမှုစနစ်တိုးတက်လာမှုနှင့်အတူ အလုပ်လုပ်နေရသည့် လူဦးရေများပြားလာမှုတို့ကြောင့် အချိန်ကုန်သက်သာစေရန်အတွက် စားသုံးသူများသည် ဟင်းလျာများထဲတွင် ကြက်သွန်နီခပ်ခြင်းကို ခက်ခဲစွာချက်ပြုတ်သည့် လုပ်ထုံးလုပ်နည်းများဖြင့် မလုပ်လိုကြတော့ပေ။ ပြည်ပသို့ ကြက်သွန်မှုန့် တင်ပို့သော ဈေးကွက်အနေအထားမှာလည်း တိုးတက်လာ ခြင်းကြောင့် ကြက်သွန်မှ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်လိုသူများအတွက် ကောင်းမွန်သော ဈေးကွက်ရရှိနိုင်ပါသည်။ အိန္ဒိယနိုင်ငံတွင် စားနပ်ရိက္ခာကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုပြင်ထုတ်လုပ်မှုသည် အကြီးဆုံးကဏ္ဍတစ်ခုဖြစ်ပြီး ကြက်သွန်မှုန့် ဝယ်လိုအားကိုလည်း မြင့်တက်စေသည်။

ကြက်သွန်ငါးပိသည် ထုတ်ကုန်များအား ကြာရှည်စွာ အသုံးပြုနိုင်ရန်အတွက် သင့်လျော်သည့် အကောင်းဆုံးအစားအစာတစ်ခုဖြစ်သည်။ ကြက်သွန် ငါးပိသည် အိန္ဒိယဟင်းလျာများအတွက် မရှိမဖြစ် လိုအပ်သောအရာဖြစ်ပြီး အနံ့နှင့်အရသာအတွက် အလွန်ကောင်းမွန်ပါသည်။ ဥပမာအားဖြင့် ကြက်သားဟင်းချက်ပြုတ်ရာတွင် ၎င်းကိုအသုံးပြုနိုင်ပြီး ဟင်း၏အရသာကို အံ့ဩဖွယ်ကောင်းအောင် တိုးမြှင့်စေနိုင်သည်။

စာမျက်နှာ ၂၃ သို့

# သန်လျင်မြို့နယ်အတွင်း ပိုးတွေ့လူနာများထားရှိရေး ကုသရေးစင်တာများ ပြင်ဆင်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ပိုးတွေ့အတည်ပြုလူနာများ ထားရှိကုသနိုင်ရေးအတွက် (ယာယီ) ကုသရေးစင်တာများအဖြစ် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းကို ဇူလိုင် ၈ ရက်က မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ကော်မတီ၏ ဦးဆောင်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သန်လျင်မြို့နယ်တွင် ပိုးတွေ့အတည်ပြုလူနာများထားရှိရန်အတွက် (ယာယီ) ကုသရေးစင်တာအဖြစ် လက်ယက်စမ်းကျေးရွာရှိ ခရစ်ယာန်ကျောင်းဝင်းအတွင်း၌ လူဦးရေ ၃၀၀ အတွက် လည်းကောင်း၊ မဟာအတုလသဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်တွင် လူဦးရေ ၁၀၀ အတွက်လည်းကောင်း၊ သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ လူဦးရေ ၃၀ အပါအဝင် စုစုပေါင်း လူဦးရေ ၄၃၀ ထားရှိကုသပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပိုးတွေ့အတည်ပြုလူနာများ ထားရှိရန်အတွက် (ယာယီ) ကုသ ရေးစင်တာများပြင်ဆင်နေမှု နေရာများသို့ မြို့နယ်ကိုဗစ်- ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ သန်လျင်မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းလှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။



သန်လျင်မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ပိုးတွေ့အတည်ပြုလူနာ ၅၇ ဦးအထိ ရှိလာပြီး ပိုးတွေ့အတည်ပြုလူနာ သေဆုံးသူ လေးဦးရှိလာသဖြင့် မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများအားဌာနဆိုင်ရာများ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရေး အသိပေးနှိုးဆော်ထားရှိကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ဖောင်းပြင်မြို့၌ အခက်အခဲဖြစ်နေသည့် အိမ်ထောင်စုများကို အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ဖောင်းပြင် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုများဖြစ်ပွားနေစဉ် ဈေးများကို ယာယီပိတ်ထားပြီး မြို့နယ်အတွင်း အသွားအလာများ ကန့်သတ်လိုက်ပြီးနောက် ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခက်အခဲများကို လတ်တလော အဆင်ပြေစေရန်အတွက် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယမန်နေ့က သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ထောက်ပံ့ပေးခဲ့ရာ ငြိမ်းခနစက်သုံးဆီ အရောင်းဆိုင်မိသားစုနှင့် မြို့နယ်ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ စေတနာ့ဝန်ထမ်းများ၏ စုပေါင်းလှူဒါန်းမှုဖြင့် အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်တင်းခွဲတစ်အိတ်နှင့် ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ကုလားပဲ၊ ကြက်ဥတို့ကို အိမ်ထောင်စု သုံးစုအား အိမ်အရောက် ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမိုးဝင်းနှင့် ကိုဗစ် ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး မြို့နယ်အဆင့်ကော်မတီ တာဝန်ရှိသူတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျပေးအပ်ကြောင်း သိရသည်။

ကိုထွန်း(ဖောင်းပြင်)

# မြို့နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကျိုင်းတုံ**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ နောင်ကွမ်ဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၉ ရက်က ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများက ကျိုင်းတုံမြို့ နောင်ကွမ်ဈေးအတွင်း ဈေးရောင်းချသူများနှင့် ဈေးဝယ်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး စနစ်တကျ တပ်ဆင်၍ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်ကြရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများကို တိကျစွာလိုက်နာကြရန် အသိပညာပေးပြောကြားခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

အလားတူ ကျိုင်းတုံမြို့နယ်အတွင်း လူစည်ကားရာနေရာများ၊ ဈေးများတွင် မဖြစ်မနေအပြင်ထွက်သွားလာသူများအား နှာခေါင်း



စည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် ကျန်းမာရေးအသိပညာပေး နှိုးဆော်ခြင်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အောင်ဇင်မြင့်

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ဇူလိုင် ၁၀ ရက်က လေးမျက်နှာမြို့နယ်အတွင်းရှိ အောင်မင်္ဂလာဈေး၊ အမှတ်(၃)ရပ်ကွက် လမ်းဆုံနှင့် မြို့အဝင်အထွက်တို့၌ ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးရဲရင့်နောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ ရပ်ကွက်စီမံကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအဖွဲ့များက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမဖြစ်ပွားစေရေးအတွက် နေအိမ်ပြင်ပသို့ ထွက်ခွာသူများ၊ ဈေးရောင်းချ သူများနှင့် ဈေးသွား၊ ဈေးလာများ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရေး၊ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး တစ်ခါသုံးနှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

ဝေဝေ(လေးမျက်နှာ)



ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများကို ဇူလိုင် ၉ ရက်က မြို့မဈေးကြီးရှေ့ နာရီစင်အနီး ပူးပေါင်းအဖွဲ့များဖြင့် အခမဲ့ဖြန့်ဝေပေးစဉ်။

မိုးလွင်ဦး (လွိုင်လင်)

*စာမျက်နှာ ၂၂ မှ*

ကြက်သွန်နီဈေးကွက်ကျဆင်းချိန်တွင် ကုန်ကြမ်းအဖြစ် ရောင်းချခြင်းသာမက တန်ဖိုးမြှင့်ထုတ်ကုန်များကိုပါ နိုင်ငံတော်အဆင့်မီသည်အထိ အရည်အသွေးကောင်းမွန်စွာဖြင့် ကြိုးပမ်းထုတ်လုပ်မည်ဆိုပါက မိမိနိုင်ငံ၏ဒေသတွင်း စိုက်ပျိုးသီးနှံထွက်ကုန်ပစ္စည်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များအနေဖြင့် နိုင်ငံတကာဈေးကွက်တွင်းသို့ ဝင်ရောက်ထိုးဖောက်နိုင်မည် ဖြစ်ပါသည်။ ကြက်သွန်နီကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဖန်တီးရန်အတွက် အပြောင်းအလဲနှင့် ကုန်ကျစရိတ်ကို လျှော့ချရန် အလားအလာရှိသည့် နည်းလမ်းများကို ရှာဖွေရန် သုတေသနကြိုးပမ်းမှုများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဈေးကွက်အလားအလာများကို အကဲဖြတ်ခြင်း၊ ထုတ်လုပ်မှုနည်းစနစ်များကို အသေးစိတ်ရေးဆွဲခြင်း၊ ကုန်ကြမ်းများလိုအပ်မှုနှင့် ကုန်ကျစရိတ်ကို ခန့်မှန်းခြင်း၊ အခြားဘဏ္ဍာရေးလိုအပ်ချက်များကို ကြိုတင်ခန့်မှန်းခြင်း စသည့်လိုအပ်ချက်အမျိုးမျိုးကို ကူညီထောက်ပံ့ပေးရန် လိုအပ်ပါသည်။ ထုတ်လုပ်သူများသည် အစာအာဟာရကြွယ်ဝသော အသင့်အစားအစာများကို စားသုံးသူများ၏ လိုအပ်ချက်အရ အမြဲတမ်းကြိုးစားထုတ်လုပ်ရန်လိုအပ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ စားသုံးသူများအကြားတွင် အသင့်စားသို့မဟုတ် ခြောက်သွေ့သော အစားအစာများ၏ ရေရှည်သက်တမ်းတိုးမြှင့်ခြင်းနှင့်ပတ်သက်၍ စားသုံးသူများ သိရှိနားလည်မှု မြင့်တက်လာစေရန် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

**တောင်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်**

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ စီးပွားရေးဦးတည်ချက် သုံးရပ်အနက် "စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး"နှင့်အညီ ကြက်သွန်နီအား ကြက်သွန်အခြောက်၊ ကြက်သွန်နီအမှုန့်၊ ကြက်သွန် အလွှာ၊ ကြက်သွန်အချဉ်စသည့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ပါက ကြက်သွန်စိုက်တောင်သူများ၏ အကျိုးစီးပွားကို မြှင့်တင်နိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်များ ရရှိလာစေနိုင်ခြင်း၊ ပြည်ပမှ ကုန်ချောများ ပြန်လည်တင်သွင်းနေရမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးရလဒ်များ ရရှိလာမည်ဖြစ်ရာ နည်းပညာ၊ ငွေကြေးအရင်းအနှီး နှင့် ဈေးကွက်ရရှိရေးတို့ကို သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များက ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး

*မောင်တင်လှိုင် (ဟိုတယ်/ခရီး)*

**မာရ်အောင်မြင် ပြည်တော်ပြန်ရုပ်ပွားဆင်းတုတော်မြတ်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိပါသည်။ ဘုရားကြီးအား မြတ်စွာဘုရားကိုယ်ပွား ကိုယ်စားတော်အဖြစ် ကြည်ညိုဖွယ်ဖူးမြော်နိုင်ပါသည်။**

မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိကာ ဝါတော် ၂၀ ခန့်ရောက်တော်မူသည့်တွင် ရက္ခပူရတိုင်း၊ ဓညဝတီရခိုင်ပြည်၌ သီရိရာဇာမင်းနှင့် မိဖုရားဝိဖလဒေဝီတို့မှ သားတော်စန္ဒသူရိယကို ဖွားမြင်ပြီး သီရိရာဇာမင်းသည် သက်တော် ၅၇ နှစ်တွင် နတ်ရွာစံလေသည်။ သားတော် စန္ဒသူရိယမင်းသားသည် စန္ဒမာလာမင်းသမီးကို မိဖုရားမြှောက်၍ ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးစံလာခဲ့လေသည်။

စန္ဒသူရိယမင်း၏ နှမငယ်ဖြစ်သော ဥဒမ္ဗရဒေဝီမင်းသမီးသည် အစ်ကိုတော်၏ မြတ်စွာဘုရားရှင်အား ဖူးမြော်လိုသောဆန္ဒကို ရည်စူး၍ ဆီမီး၊ ပန်း၊ နံ့သာ ပေါက်ပေါက်တို့ဖြင့် မြတ်စွာဘုရားအား ပင့်လျှောက်လေသည်။ စန္ဒသူရိယမင်းလည်း ပညာရှိတို့ စကားအတိုင်း ဝမ်းမြောက်ဝမ်းသာနာယူလျက် ၇ ရက်တိုင်တိုင် ပူဇော်ပင့်လျှောက်ခဲ့သည်။

**ရုပ်ပွားဆင်းတုတော်များ ဖန်ဆင်းခွင့်ပြု**

ဂေါတမမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ စံပယ်တော်မူနေစဉ် သဗ္ဗညုတဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူသောအခါ စန္ဒသူရိယမင်း၏ ပင့်လျှောက်မှုကို မြင်တော်မူခဲ့သည်။ မြတ်စွာဘုရားနှင့် စန္ဒသူရိယမင်းတို့သည် ဘဝပေါင်း ၄၀ လုံးလုံး ချစ်ခင်ရင်းနှီးသူအဖြစ် နေထိုင်တော်စပ်ခဲ့ဖူးကြောင်း မြင်တော်မူသည်။ စန္ဒသူရိယမင်းထံကြွပြီး ရုပ်ပွားဆင်းတုတော်များ ဖန်ဆင်းခွင့်ပြုပေးခြင်းဖြင့် ငါဘုရား သာသနာစည်ပင်ထွန်းကားလိမ့်မည်ဟူ၍လည်း မြင်တော်မူခဲ့သည်။

သို့ဖြစ်ရာ မဟာသက္ကရာဇ် (၁၂၃) ခုနှစ်၊ ကဆုန်လတွင် ညီတော်အာနန္ဒာနှင့် တကွ ရဟန္တာ ၅၀၀ ခြံရံတော်မူ၍ စန္ဒသူရိယမင်းထံ ကြွတော်မူခဲ့သည်။ စန္ဒသူရိယမင်းသည် လွန်စွာကြည်ညိုခဲ့လေသည်။ မြတ်စွာဘုရားရှင် ဓညဝတီမှ ကြွတော့မည်ဖြစ်ကြောင်း မိန့်တော်မူလေသော် စန္ဒသူရိယမင်းသည် မြတ်စွာဘုရားအား မင်းနှင့်တကွ ရဟန်း၊ ရှင်လူပြည်သူအပေါင်း ဖူးမြော်ဆည်းကပ်ကိုးကွယ်နိုင်ရန် အရှင်ဘုရားကိုယ်စား နိမ္မိတရုပ်ပွားကို တည်ထားသွန်းလုပ်ခွင့်ပြုတော်မူရန် လျှောက်ထားခဲ့သည်။ မြတ်စွာဘုရားက နှစ်သက်ကြည်ဖြူသဘောတူခွင့်ပြုတော်မူလေသည်။



ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီး

စန္ဒသူရိယမင်းက သာသနာတော် အရှည်တည်တံ့ရန်နှင့် မြတ်စွာဘုရားအား ကြည်ညိုစိတ်ဖြင့် ရုပ်ပွားတော်သွန်းလုပ် စီမံဆောင်ရွက်လေသည်။ ဗုဒ္ဓပူဇနိယသဘင်ကြီးကို သီရိဂုဏ်တောင်တော်ပေါ်တွင် ၇ ရက်ပတ်လုံး ဗုဒ္ဓပူဇနိယကျင်းပရာ စကြဝဠာ အရပ်ရပ်မှလာကြကုန်သော လူနတ်ဗြဟ္မာ၊ သိကြားပရိသတ်အားလုံးတို့၏ လှူဒါန်းပါဝင်သော ရတနာမျိုးစုံ ၆၅ တင်းမျှ ရရှိခဲ့လေသည်။ မြတ်စွာဘုရားက သိကြားမင်းနှင့် ဝိသုကြုံနတ်သားတို့ကို ခေါ်တော်မူ၍ ငါ၏ကိုယ်နှင့် အတိုင်းအရှည်ပမာဏညီမျှမှန်ကန်သော ရုပ်ရှင်တော်မြတ်ကို သွန်းလုပ်စေဟု မိန့်တော်မူပြီးလျှင် မြတ်စွာဘုရားကိုယ်တော်တိုင် ရတနာမျိုးစုံတို့ကို အပ်နှင်းပေးသနားတော်မူလေသည်။ သို့ဖြစ်ရာ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ ညနေချမ်းအချိန်အခါသမယတွင် စတင်သွန်းလုပ်ကြလေသည်။

**မြတ်စွာဘုရား ရင်ငွေ့တော်လှုံ**

မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဉာဏ်တော်မှာ ခမ္ဘစက်အလွတ်၊ (ခြောက်တောင် တစ်မိုက်) ရှိပြီး ဘူမိဖဿမုဒြာ (တင်ပျဉ်ခွေ)ထိုင်တော်မူပုံဖြစ်ပါသည်။ သွန်းလုပ်ပြီးသော အခါတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဦးခေါင်းတော်မှာ မဆက်စပ်ဘဲ ကွာဟနေသဖြင့် သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူခဲ့လေသည်။ သုံးကြိမ်သုံးတန်သွန်းလုပ်တော်မူသော်လည်း ကွာဟမြဲကွာဟနေသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့တော်လှုံပြီး လက်ဝါးတော်နှင့် ၇ ကြိမ် သုံးသပ်တော်မူမှ ချောမောစွာ ဆက်စပ်တော်မူလေသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ညီတော်မုနိ ငါ၏ကိုယ်စား လူနတ်ဗြဟ္မာသတ္တဝါတို့၏ စီးပွားချမ်းသာစေရန် ဆောင်ရွက်ပါလော့ဟု မိန့်တော်မူခဲ့လေသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး သွန်းလုပ်ပြီးချိန်တွင် ရွှေငွေကြေးကျောက်မျက်ရတနာများ ပိုလျှံကျန်ရစ်နေခဲ့သည်။

❍ **သွန်းလုပ်ပြီးသောအခါတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဦးခေါင်းတော်မှာ မဆက်စပ်ဘဲ ကွာဟနေသဖြင့် သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူခဲ့လေသည်။ သုံးကြိမ်သုံးတန် သွန်းလုပ်တော်မူသော်လည်း ကွာဟမြဲကွာဟနေသဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့တော်လှုံပြီး လက်ဝါးတော်နှင့် ၇ ကြိမ် သုံးသပ်တော်မူမှ ချောမောစွာ ဆက်စပ်တော်မူလေသည်။ မြတ်စွာဘုရားကိုယ်တော်တိုင် ညီတော်မုနိ ငါ၏ကိုယ်စား လူနတ်ဗြဟ္မာသတ္တဝါတို့၏ စီးပွားချမ်းသာစေရန် ဆောင်ရွက်ပါလော့ဟု မိန့်တော်မူခဲ့လေသည်**

သို့ဖြစ်ရာ မြတ်စွာဘုရားအား ဆက်လက်လျှောက်ထားပြန်ရာ ခွင့်ပြုတော်မူသဖြင့် နောက်ထပ်ဗုဒ္ဓရုပ်ပွားတော်သုံးဆူကို ဆက်လက်သွန်းလုပ်ကြပြန်သည်။ ပထမသွန်းလုပ်ပြီးသော မုနိမှာ မဟာမုနိ၊ ဒုတိယသွန်းလုပ်သော မုနိမှာ ရှင်ကျော်မုနိ၊ တတိယသွန်းလုပ်သော မုနိမှာ ရွှေဘုံသာမုနိနှင့် စတုတ္ထသွန်းလုပ်သော မုနိမှာ မာရ်အောင်မြင် မုနိဘုရားတို့ဖြစ်ကြသည်။

ထိုမုနိလေးဆူတို့သည် အစဉ်အတိုင်း ဂုဏ်တော်ငယ်ကြပြီး တင်ပျဉ်ခွေပုံတော် ရတနာကြေးဆင်းတုတော်များသာဖြစ်ကြသည်။ စန္ဒသူရိယမင်း နတ်ရွာစံပြီးသည်အထိ ရခိုင်ဓညဝတီမင်းအဆက်ဆက်တို့သည် ဘုရားလေးဆူအား ရေးမူမပျက် ပူဇော်ကိုးကွယ်ခဲ့ကြလေသည်။

ဇလွန်မြို့သည် ဧရာဝတီတိုင်းဒေသကြီးတွင် ပါဝင်သော မြို့တစ်မြို့ဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ရန်ကုန်မြို့မှ မိုင် ၈၀ ကွာဝေးပြီး မော်တော်ယာဉ်များဖြင့် အလွယ်တကူသွားလာနိုင်ပေသည်။ ဟင်္သာတမြို့မှ ၁၆ မိုင်သာ ကွာဝေးသည်။ ဇလွန်မြို့ကို မော်တော်ကားများ၊ ရေယာဉ်များဖြင့် အလွယ်တကူ သွားလာနိုင်ပေသည်။

ဇလွန်မြို့သည် ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက် ပုသိမ် ၃၂ မြို့နယ် စာရင်းဝင်မြို့တစ်မြို့ဖြစ်သည်။ ထိုစဉ်က ကျိုက်မတော် သမန္တပူရဇရွန်၊ ဇလွန်ဟူ၍ ဖော်ပြပါရှိခဲ့သည်။ ဇလွန်မြို့ မာရ်အောင်မြင်ခေါ် ပြည်တော်ပြန်ဘုရားကြီးမှာ အထူးထင်ရှားသည်။

**ဇလွန်မြို့သို့ ပြန်လည်ပို့ဆောင်**

၁၈၃၈ ခုနှစ်တွင် မြို့သူကြီးဦးရွှေပွင့်က အများပြည်သူကြည်ညိုကိုးကွယ်စေနိုင်သော ငှာ ကြေးဆင်းတုတော်ကြီးတစ်ဆူကို သွန်းလုပ်လှူဒါန်းခဲ့သည်။ ထိုကြေးဆင်းတုတော်ကြီးကို ၁၈၅၂ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ဒုတိယကမ္ဘာစစ်ပွဲအပြီးတွင် အင်္ဂလိပ်တပ်က သင်္ဘောဖြင့် သယ်ဆောင်သွားခဲ့သည်။ သို့သော် ၁၈၅၃ ခုနှစ်တွင် ကြေးဆင်းတုတော်ကြီးကို ဇလွန်မြို့သို့ ပြန်လည်ပို့ဆောင်ခဲ့ရပါသည်။ ထိုအချိန်မှစ၍ ပြည်တော်ပြန်ဘုရားကြီးဟု ကျော်ကြားခဲ့သည်။ ကုန်းဘောင်မင်း ၁၁ ပါးရှိရာ ၉ ဆက်မြောက်၊ သက္ကရာဇ် ၁၂၀၈ မှ ၁၂၁၄ ခုနှစ်အထိ အမရပူရကို အုပ်ချုပ်တော်မူသော ပုဂံမင်းလက်ထက်တွင် ပုဂံမင်းက အတွင်းဝန်သတိုးမင်းကြီးမဟာမင်းလှအနော်ရထာအား ဇလွန်မြို့ကို အပိုင်စားပေးခဲ့သည်။

ထိုမြို့သူကြီးက ဦးရွှေပွင့်အား မြို့သူကြီးခန့်ထား၍ ဇလွန်မြို့ကို အုပ်ချုပ်စေခဲ့သည်။ ဦးရွှေပွင့်သည် အမရပူရနေပြည်တော်သို့ သွားရောက်၍ အခွန်အကောက်များကို ဆက်သရင်းနန်းဦးတွင် ကိုးကွယ်ထားသော မာရ်အောင်မြင်ဘုရားကြီးအား ဦးရွှေပွင့် ဖူးခွင့်ကြုံခဲ့ရသည်။ ဦးရွှေပွင့်သည် ဇလွန်မြို့တွင်လည်း မာန်အောင်မြင်ဘုရားကြီးကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ သွန်းလုပ်ပူဇော်လိုသောဆန္ဒရှိရာ ပုဂံမင်းတရားကြီးထံ ထိုအကြောင်းကို လျှောက်ထားခဲ့သည်။ အမိန့်တော်ရရှိသည့်အခါ ဇလွန်မြို့နယ်အတွင်းမှ ပြည်သူပြည်သားများလှူဒါန်းခဲ့သော ရတနာမြတ်ပိဿာချိန် ၁၅၀၀ မျှကို တစ်ပေါင်းတည်း စုဆောင်းပြီး အမရပူရသို့ သွားရောက်သွန်းလုပ်ပူဇော်ခွင့် ရတော့သည်။

သွန်းလုပ်ပြီးစီးခွင့်မရမီ နန်းဦးတွင် ကိုးကွယ်ထားသည့် နန်းဦးဘုရားကို ခေတ္တပင့်ဆောင်၍

*စာမျက်နှာ ၂၅ သို့*

*စာမျက်နှာ ၂၄ မှ*

ဇလွန်မြို့တွင် ပူဇော်ခံပြီး သွန်းလုပ်ပြီးစီးသည့် ဘုရားကို လာရောက်ပင့်ဆောင်ရင်း နန်းဦးဘုရားကိုပါ ပြန်လည်ပို့ဆောင်ပေးမည်ဟု ကတိစကားလျှောက်ထားရာ မိဖုရားကြီး၊ မယ်တော်ကြီးနှင့် အတွင်းဝန်မင်းတို့က နန်းဦးဘုရားအား ဇလွန်မြို့သို့ ပင့်ဆောင်ခွင့်ပြုတော်မူခဲ့သည်။

သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် ပြည်နှင့် တောင်ငူအောက်မြန်မာနိုင်ငံတစ်ဝန်းလုံးကို အင်္ဂလိပ်နယ်ချဲ့တို့က သိမ်းယူခဲ့သည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံအတွင်းရှိ ကြေးဆင်းတုတော် မြောက်မြားစွာနှင့် ကြေးအိုးကြေးခွက်ပစ္စည်းပေါင်းများစွာကို သိမ်းကြုံး ယူငင်သွားသည်။ အင်္ဂလိပ်စစ်ဗိုလ် ဆာဂျွန်ဆပ်က သက္ကရာဇ် ၁၂၁၇ ခုနှစ်တွင် မာရ်အောင်မြင်မြတ်စွာဘုရားဆင်းတုတော်ကြီးအား ရွှေချိန်အမည်ရှိ သင်္ဘောကြီးဖြင့် အိန္ဒိယပြည်၊ ဘုံဘေမြို့သို့ သယ်ဆောင်သွားခဲ့သည်။ မင်းတုန်းမင်းသည် နန်းဦးမြတ်စွာဘုရား အိန္ဒိယပြည်သို့ ပါသွားကြောင်း သိရသဖြင့် ဦးရွှေပွင့် သွန်းလုပ်ထားခဲ့သော ကြေးဆင်းတုတော်ကြီးကို နန်းဦးဘုရားပလ္လင်ပေါ်သို့ ပင့်တင်ကိုးကွယ်တော်မူလေသည်။

**မိုးမှောင်ကျခတ်တော်ကွန့်မြူး**

ဘုံဘေမြို့သို့ ရောက်ရှိနေတော်မူကြကုန်သော ကြေးဆင်းတုတော်ပေါင်းများစွာကို ဂိုဒေါင်ကြီးထဲတွင် စုပုံထားခဲ့ပြီး ကြေးပိုက်ဆံနှင့် ဖုံးဆန်အမြောက်အမြားလုပ်ကြသည်။ ကျိုကြသည်။ ကြေးဆင်းတုတော်ကြီးများကို ဖိုကျင်ထိုး အရည်ကျိုကျသည်။ မာရ်အောင်မြင် မြတ်စွာဘုရားမှာမူ ဖိုလေးလုံးဆိုင်၍ ပြိုင်ထိုးကြသော်လည်း အရည်မပျော်။ တူနှင့် ထုသော်လည်း လုံးဝအရာမထင်။ မူလပကတိအတိုင်း ရှိလေသည်။ ထိုအချိန်တွင် မိုးမှောင်ကြီးကျ၍ ခတ်တော်များလည်း ကွန့်မြူးကာ ရောင်ခြည်တော် လွှတ်တော်မူလေသည်။

အင်္ဂလန်ပြည် ဝိတိုရိယဘုရင်မကြီးသည် အိန္ဒိယပြည် ဒေလီမြို့တွင် ခေတ္တလာရောက်စံမြန်းနေစဉ် ဘုရင်မကြီးမှာ ဦးခေါင်းအပြင်းအထန်ကိုက်ခဲခြင်းဝေဒနာကို ခံစားရသည့်အတွက် သမားတော်ကြီးများ၊ ဆရာဝန်များနှင့် ကုသသော်လည်း ဝေဒနာပျောက်ကင်းမှုမရှိပေ။ တစ်ညတွင် ဝိတိုရိယဘုရင်မကြီးသည် ထူးခြားသော အိပ်မက်ကို မက်လေသည်။ ဘုရင်မကြီး ခေါင်းကိုက်ဝေဒနာပျောက်ကင်းလိုပါက မြန်မာပြည်မှ သယ်ဆောင်လာသော မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်ကြီးအား နေရင်းဒေသသို့ မရောက်ရောက်အောင် ပြန်ပို့ပေးရမည်၊ ပြန်မပို့ပါက ဘုရင်မကြီး၏ အသက်အန္တရာယ်၊ တိုင်းပြည်မြို့ရွာများ အန္တရာယ်ကြီးစွာ ဖြစ်မည်။ ဗုဒ္ဓမြတ်စွာဘုရားကို ဖျက်ဆီးသော တိုင်းနိုင်ငံသည်လည်း ကပ်ကြီးဆိုက်ရောက်၍ သေကျေပျက်စီးဆုံးရှုံးမည် စသည့် အိပ်မက်ဆိုးများ မြင်မက်လေသည်။

ဘုရင်မကြီးက မှူးမတ်များအား ချက်ချင်းခေါ်၍ သွားရာ မာရ်အောင်မြင် ရုပ်ပွားဆင်းတုတော်မြတ်ကြီးမှာ ဂိုဒေါင်အတွင်း ရောင်ခြည်တော်ကွန့်မြူးတောက်ပလျက်ရှိသည်ကို ထူးကဲစွာတွေ့မြင်ခဲ့ရလေသည်။ ဘုရင်မကြီးသည် မာရ်အောင်မြင် ဘုရားအား နေရင်းဒေသသို့ အမြန်သွား၍ ပို့ဆောင်စေဟု အမိန့်ချမှတ်လေသည်။ ထိုအချိန်အခါ သမယမှစ၍ ဝိတိုရိယဘုရင်မကြီးလည်း ခေါင်းကိုက်ဝေဒနာ ပျောက်ကင်းခဲ့ရလေသည်။

ဝိတိုရိယဘုရင်မကြီး၏ အမိန့်အတိုင်း သက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် မာရ်အောင်မြင် မြတ်စွာဘုရားအား နေရင်းဒေသသို့ပြန်လည်ပို့ဆောင်တော်မူကြသည်။ ဇလွန်မြို့ကိုကျော်လွန်၍ မြို့မှားပြီး ဟင်္သာတမြို့အနီး သဲသောင်စပ်တွင် ထားခဲ့ကြသည်။ ရေလုပ်သားများတွေ့ရှိသဖြင့် ဟင်္သာတမြို့သူ မြို့သား၊ နယ်သူနယ်သားများ လာရောက်ဖူးမြော်ကြသည်။ ထိုအချိန်မှစ၍ မာရ်အောင်မြင် ဘွဲ့အမည်ပျောက်၍ ပေါ်တော်မူဘုရားဘွဲ့အမည်ကို ရောက်ခဲ့ရပြန်သည်။

**ကူးယူထားသော ဂါထာနှင့်တူညီ**

ဇလွန်မြို့ပိုင်မင်း၊ ဟင်္သာတအရေးပိုင်မင်းနှင့် ဆရာတော်ဦးဖြူနှင့် ကြေးကန်ဆရာတော်ဘုရားတို့ တိုင်ပင်ညှိနှိုင်းကြရာ ဆရာတော် ဦးဖြူက မာရ်အောင်မြင်ဘုရား၏ ဓမ္မခဏ်တော်မှာ စာပါသောကြောင့် သိနိုင်ကြောင်း လျှောက်ထား၍ ဆရာတော် ဦးဖြူက အလွတ်ပြန်ဆိုပြသသော ဂါထာတော်သည် ကူးယူထားသော ဂါထာနှင့် တူညီနေသဖြင့် ဘုရားမှာ ဇလွန်မြို့မှ မာရ်အောင်မြင်ဘုရားဖြစ်နေသည်ကို မငြင်းသာတော့ချေ။

ဟင်္သာတမြို့သူမြို့သားများနှင့် ဇလွန်မြို့သူမြို့သားများတို့အား ဖောင်တော်ကြီးတစ်ခုကို အရေးပိုင်မင်းက ကြားဝင်စေ့စပ်ပေးပြီး အမြန်ပြုလုပ်ပေးကာ ဆင်းတုတော်မြတ်အား ထိုဖောင်တော်ပေါ်သို့ ပင့်ဆောင်စေပြီး ဆရာတော်ဦးဖြူနှင့် အရေးပိုင်မင်းတို့ပါ ဖောင်တော်တွင်နေကြသည်။ ဆရာတော် ဦးဖြူသည် ဖောင်တော်တွင် နေရင်း ဟင်္သာတမြို့ဘက်မှ လှေအစင်းများပြီး ဇလွန်ဘက်မှ လှေအစင်းနည်းသော်ငြားလည်း ဇလွန်မြို့မှ ဘုရားလည်း အစစ်အမှန်ဖြစ်၍ မြတ်စွာဘုရား ပျော်မွေ့ရာ ဘူမိနက်သန် ဇလွန်မြေသို့သာ ကြွတော်မူရန်နှင့် မြတ်စွာဘုရား နှစ်လိုဖွယ်ရှိသောအရပ်တွင် ကိန်းဝပ်တော်မူနိုင်ရေးအတွက် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ စောင့်ရှောက်တော်မူပါရန် တိုင်တည်အဓိဋ္ဌာန်ပြုခဲ့လေသည်။

ဇလွန်မှ လှေ ၁၂ စင်း၊ ဟင်္သာတမြို့ကလှေ ၃၈ စင်းတို့ဖြင့် ဇလွန်လှေတို့သည် ဇလွန်ဘက်မှသော်လည်းကောင်း၊ ဟင်္သာတကလှေတို့သည် ဟင်္သာတဘက်သို့လည်းကောင်း ဆွဲကြရာ ဇလွန်ဘက်သို့ ပါတော်မူလေသည်။ ဟင်္သာတဘက်မှသူများက ရေစုန်ဖြစ်၍ ဇလွန်ဘက်သို့ပါသည်ဆိုပြီး မကျေမနပ် ပြောဆိုကြရာ ဇလွန်လှေတို့သည် ဟင်္သာတဘက်လည်းကောင်း၊ ဟင်္သာတလှေတို့သည် ဇလွန်ဘက်သို့ လည်းကောင်း ပြောင်းခဲ့ပြီး အပြန်အလှန်ဆွဲကြပြန်ရာ ဇလွန်လှေများဘက်သို့သာ ပါတော်မူခဲ့သည်။

ထိုကဲ့သို့ အနိုင်ရရှိသဖြင့် မာရ်အောင်မြင် မြတ်စွာဘုရားကြီးအား မူလကိန်းဝပ်စံပယ်တော်မူရာ ဇလွန်မြို့သို့ ပြန်လည်ပင့်ဆောင်တော်မူခဲ့ရသည်။ ထိုအခါမှစ၍ ရေခြားမြေခြား တိုင်းတစ်ပါးမှ မိမိကိန်းဝပ်စံပယ်တော်မူရာ နေရင်းဒေသသို့ ပြန်လည်ကြွလာတော်မူသည်ကို အစွဲအမှတ်ပြု၍ မာရ်အောင်မြင်ဘွဲ့အမည်မှသည် ပြည်တော်ပြန် မြတ်စွာဘုရားဟု ယနေ့တိုင် ဘွဲ့အမည်ထင်ရှားကျော်ကြားလျက် နေတော်မူလေသည်။

မြတ်စွာဘုရားကြီးအား ဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ဂေါပကအဖွဲ့ဖြင့် စနစ်တကျ စီမံဆောင်ရွက်၍ သာသနာတော်စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါသည်။ ဘုရားကြီးတွင် ဘဒ္ဒန္တနန္ဒိယ ချောင်းကြီးကျောင်းဆရာတော်ဥက္ကဋ္ဌနှင့် ဘဒ္ဒန္တ စိန္တိတမြို့ မောင်းထောင်ကျောင်းဆရာတော် အတွင်းရေးမှူးနှင့် ဩဝါဒါစရိယ ဆရာတော်ကြီး (၉)ပါးရှိလေသည်။

**ကုသိုလ်ကောင်းမှု နေ့စဉ်ဆောင်ရွက်**

ဘုရားကြီးအား မျက်နှာတော်သစ်ခြင်းနှင့် ရောင်တော်ဖွင့်ခြင်းကို ၁၃၅၈ ခုနှစ်၊ ဝါဆိုလပြည့် (ဓမ္မစကြာ)နေ့ နံနက် (၄)နာရီမှစတင်၍ မျက်နှာတော်သစ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း ကုသိုလ်ကောင်းမှုကို နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။ ရောင်တော်ပွင့် ကုသိုလ်ကောင်းမှုကို ဇလွန်မြို့ပေါ်မှ ဂန္ဓရုံကျောင်းဆရာတော် ဦးကောသလ္လ၊ အင်္ဂဗိုလ်ကျောင်းဆရာတော် ဦးဝါယမိန္ဒ၊ သိစေရုံကျောင်းဆရာတော် ဦးအာစိဏ္ဏယနှင့် မင်းကွန်းကျောင်းဆရာတော် ဦးဇေနေယျတို့က တာဝန်ရှိ ဂေါပကအဖွဲ့ဝင်များ၊ ပရိတ်တော်အဖွဲ့ဝင်များနှင့်အတူ အလှည့်ကျ နေ့စဉ် ရွှေဖလား၊ ရွှေသပိတ်၊ ရွှေလင်ပန်း၊ ရွှေကလပ်၊ ရွှေတံပူတို့ကို ကျပ်သိန်းပေါင်း (၁၆၀) ခန့်ဖြင့် ၁-၁၀-၁၉၉၆ ရက်နေ့မှစ၍ အလှူခံကာ ဆောင်ရွက်လျက်ရှိပါသည်။

ဘုရားပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၉ ရက်နေ့မှ လပြည့်နေ့အထိ ၇ ရက်တိုင်တိုင် ကျင်းပကြသည်။ မြို့၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီးကိုလည်း တည်ပြီးဖြစ်ရာ လွန်စွာခမ်းနားလှသည်။

၁၃၃၆ ခုနှစ် တပို့တွဲလဆန်း ၂ ရက်နေ့ ညနေ ၅ နာရီခန့်အချိန်မှစ၍ ၁၇ ရက်တိုင်တိုင် ရောင်ခြည်တော်ကွန့်မြူးခဲ့ခြင်း၊ ဒုတိယကမ္ဘာစစ်အတွင်း ဇလွန်မြို့တွင်း ဗုံးဆန်၊ အမြောက်ဆန်များကျရောက်ခဲ့သော်လည်း ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများ လုံးဝထိမှန်မှု မရှိခဲ့ချေ။ မှတ်တမ်းများက ထိုမျှမကပါ။ အံ့ဩကြည်ညိုဖွယ်ရာ တန်ခိုးတော်များနှင့် ပြည့်စုံတော်မူသော မာရ်အောင်မြင် ပြည်တော်ပြန် မြတ်စွာဘုရားကြီးအား အခါအခွင့်သင့်ပါက သွားရောက်ဘုရားဖူးမြော်စေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# မုဒုံမြို့နယ်၌ သိပ္ပံနည်းကျ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**မုဒုံ ဇူလိုင် ၁၀**


မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်၌ သိပ္ပံနည်းကျ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဘဲရမ်းကျေးရွာရှိ အကျိုးဆောင်တောင်သူတစ်ဦး၏ စိုက်ကွက်၌ ဇူလိုင် ၉ ရက်က ပြုလုပ်သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူများတက်ရောက်ပြီး မြို့နယ်စိုက် ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ ဗဟိုမျိုးသန့်ခြံ ဦးစီးမှူး ဦးဇော်လင်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးဗန်းပျိုးထောင်ထားရှိပုံနှင့် ကောက်စိုက်စက်ဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးငြိမ်းချမ်းကျော်က သဘာဝခရုပိုးသတ်ဆေး(မယ်ဇယ်)အကြောင်း၊ သဘာဝဆစ်ပိုးကာကွယ်ဆေး (တမာကြိတ်ဖတ်) အကြောင်း၊ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)အကြောင်းနှင့် အားသာချက်၊ အားနည်းချက်များကို တောင်သူများအား ရှင်းလင်းပြောကြားပြီး တောင်သူများက လက်တွေ့လေ့လာကြည့်ရှု၍ သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ခင်းများ၌ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်သော စိုက်ပျိုးရေးနည်းစနစ်များ၊ သွင်းအားစုပစ္စည်းများ ထောက်ပံ့ကူညီခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန် နည်းလမ်းများ အသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ကွင်းတာဝန်ခံများက နယ်မြေကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မုဒုံမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ရာသီအတွင်း မျိုးကောင်းမျိုးသန့် မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ကွက် ဧက ၂၀၀ စိုက်ပျိုးသွားရန် လျာထားကာ မြို့နယ်အတွင်းရှိ ကွမ်တာ၊ တော်ကူး၊ တံခွန်တိုင်နှင့် ဘဲရမ်းကျေးရွာတို့မှ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



**အောင်မျိုးသူ(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ လယ်ယာမြေကေ ၁၅၀ ကို စက်မှုလယ်ယာအဖြစ် ပြောင်းလဲဆောင်ရွက်

**ထန်းတပင် ဇူလိုင် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်း အရည်အသွေးကောင်းမွန်သော စံပြကွက်များ ဖြစ်စေရေးအတွက် ရေဖြူကျေးရွာအုပ်စု၊ အုတ်ဖိုကျေးရွာ ကွင်းအမှတ် (၁၇၆-ခ)ရှိ လယ်ယာမြေကေ ၁၅၀ ကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများ အဖြစ် ၂၀၂၁ ခုနှစ် မေ ၁ ရက်မှစတင်၍ ပြောင်းလဲ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ယနေ့အထိ အဆိုပါကျေးရွာတွင် စနစ်ကျ လယ်ယာမြေ ဖော်ထုတ်မှုအနေဖြင့် ရှစ်ဆယ်ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ထန်းတပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ထန်းတပင်မြို့နယ်အတွင်း စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေကေ ဖော်ထုတ်ခြင်းလုပ်ငန်းကို ရေပေါ်သောင်ကျေးရွာ၌ ပထမအကြိမ်အဖြစ် ကေပေါင်း ၃၈၁ ကေကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ယခုအခါဒုတိယမြောက် အဖြစ် လယ်ယာမြေကေ ၁၅၀ ကို စက်မှုလယ်ယာ စနစ်ကျ လယ်ယာမြေများအဖြစ် ရေဖြူကျေးရွာအုပ်စု အုတ်ဖိုကျေးရွာတွင်အကောင်အထည်ဖော်ဆောင် ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် စနစ်ကျ လယ်ယာမြေကေများ ဖော်ထုတ်ခြင်းကြောင့် ဒေသခံတောင်သူများ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရောက်ရှိခြင်း၊ တောင်သူများ အကျိုးရှိဝင်ငွေတိုးပွားစေခြင်း၊ ရေသွင်းရေထုတ် မြောင်းများ ကောင်းမွန်စေ ခြင်း၊ လယ်ယာကုန်ထုတ် လမ်းများကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန် လာခြင်း၊ သီးနှံများအထွက်တိုးပွားလာခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက် ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အထောက် အကူပြုသည့် အကျိုးကျေးဇူးများကိုပါ ရရှိစေမည် ဖြစ်ကြောင်း သိရသည်။

စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေကေများ ဖော်ထုတ်ရာတွင်လည်း စက်မှုလယ်ယာဦးစီးဌာန၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးအဖွဲ့ (အောက်မြန်မာပြည်)သန်လျင်မြို့မှ ကုန်ထုတ်လမ်း၊ ရေမြောင်းနှင့် ကေကွက်ဖော်မြေညှိခြင်း စသည့်စက်မှု လယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ရေးလုပ်ငန်း စဉ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးစေရေးအတွက်လည်း ဝန်ထမ်းအင်အား ၂၉ ဦးတို့က ထွန်စက်ကြီး ရှစ်စီး၊ မြေတူး စက်ကြီးရှစ်စီး၊ မြေတူးစက်သေး သုံးစီး၊ မြေထိုး စက်ကြီးတစ်စီး၊ မြေသယ်ယာဉ် သုံးစီးတို့ဖြင့် စုဖွဲ့ဆောင်ရွက်လျက်ရှိသလို လိုအပ်သည့် စက်ကိရိယာများကိုလည်း ပြင်ပမှ ငှားရမ်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အရည်အသွေးကောင်းမွန်သည့် လယ်ယာမြေများဖြစ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်။

ရေဖြူကျေးရွာအုပ်စု၊ အုတ်ဖိုကျေးရွာတွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာနှစ် စက်မှုလယ်ယာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လယ်ယာမြေ ကေပေါင်း ၁၅၀ ကို တစ်ကေလျှင် ငွေကျပ် ၁ ဒသမ ၂၁၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပြီး စနစ်ကျလယ်ယာမြေဖော်ထုတ်မှုများကို လည်း ဇူလိုင်လစတုတ္ထပတ်အတွင်း ပြီးစီးအောင် အကောင်ထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း လည်း ထန်းတပင်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်ထံမှ သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မလှိုင်မြို့နယ်တွင် ဝါစိုက်ကေ ၃၀၄ ကေအတွက် ဝါမျိုးသန့်မျိုးစေ့ ထောက်ပံ့

**မလှိုင် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝါအထူးဇုန်နှင့် ဝါမျိုးစေ့ထုပ် ၃၀၄ ကေ အတွက် ဝါမျိုးသန့်မျိုးစေ့နှင့် လူးနယ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မလှိုင်မြို့နယ် သပြေပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း၌ ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ထောက်ပံ့ ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က ဝါမျိုးသန့် မျိုးစေ့နှင့် လူးနယ်ဆေးများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအနေဖြင့် လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်း အလေးထား လိုက်နာကြရန် တိုက်တွန်းပြောကြားသည်။



ဝါမျိုးသန့်မျိုးစေ့များ ထောက်ပံ့ပေးအပ်နေစဉ်။

ထို့နောက်မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစန်းယုက မျိုးစေ့ထုတ်ကေနှင့် အထူးဇုန် စိုက်ကေများ စိုက်ပျိုးရခြင်းနှင့် ဝါစိုက်ပျိုးနည်းစနစ်များ၊ အထွက်နှုန်း တိုးတက်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဝါမျိုးသန့် မျိုးစေ့နှင့် လူးနယ်ဆေးများကို ဝါစိုက်တောင်သူများထံ ပေးအပ်သည်။

မလှိုင်မြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် (Quick Win) မျိုးစေ့ထုတ် ကေ ၁၅၀၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဝါအထူးဇုန် ကေ ၁၅၄ ကေ စုစုပေါင်း ၃၀၄ ကေ စိုက်ပျိုးမည်ဖြစ်ပြီး တစ်ကေလျှင် သုံးပိဿာပါ ရွှေတောင် ၁၀ ဝါမျိုးသန့် မျိုးစေ့တစ်အိတ်နှင့် (20 WP) လူးနယ်ဆေးတစ်ထုပ်နှုန်း ပေးအပ်သည်။ အဆိုပါ ထောက်ပံ့ပေးအပ်ပွဲသို့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် စိုက်ပျိုးမည့် သပြေပင်ကျေးရွာမှ တောင်သူ ၄၇ ဦး၊ ဆည်ကြီးကျေးရွာမှ ၁၅ ဦး၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် စိုက်ပျိုးမည့် ဆည်ကြီးကျေးရွာမှ တောင်သူ ၃၂ ဦး တက်ရောက်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# မိုင်းယောင်းမြို့နယ်၌ ဖျားနာကုဆေးခန်း ဖွင့်လှစ်

**မိုင်းယောင်း ဇူလိုင် ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် အမှတ်(၉)ရပ်ကွက်၌ ကိုယ်ပူဖျားနာဆေးကုခန်း (Fever Clinic) ကို ယမန်နေ့က ဖွင့်လှစ်ပြီး လိုအပ်သော ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ပေးနေကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကိုယ်ပူဖျားနာဆေးကုခန်းကို အပတ်စဉ် တနင်္လာမှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ပြီး မည်သူမဆို ဖျားနာ၊ ချောင်းဆိုး၊ လည်ချောင်းနာ၊ အသက်ရှူကျပ်၊ အနံ့မရ၊ နှာစေး၊ အရသာခံစား မရသူများ လာရောက်ပြသကာ ကျန်းမာရေးစစ်ဆေးမှု ခံယူနိုင်ကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်တွင် ဇူလိုင် ၅ ရက်မှ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ အတည်ပြုလူနာ ခြောက်ဦးရှိလာပြီး ရောဂါထပ်မံဖြစ်ပွားမှု မရှိစေရန်နှင့် ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ကုသနိုင်ရေးတို့ကို အထူးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

# ရသေ့တောင်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ရသေ့တောင် ဇူလိုင် ၁၀**

ရသေ့တောင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေး ရည်ရွယ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၈ ရက်က တောင်ရင်းတန်းရပ်ကွက် ပရဟိတဂေဟာကျောင်း၌ ပြုလုပ်သည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လွင်က သဘာဝဘေး အန္တရာယ်ကျရောက်လာပါက ပျက်စီးဆုံးရှုံးထိခိုက်မှု လျော့နည်းစေရေးနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးပြီး နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်စံထွန်း (ပြန်/ဆက်)**

# Stay at Home မြို့နယ်များမှ ပြန်လာသူများ အသွားအလာကန့်သတ်ထားရှိရေး ပြင်ဆင်ထားရှိ

**သဲကုန်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းသို့ Stay at Home မြို့နယ်များမှ ပြန်လာသူများ အသွားအလာ ကန့်သတ်ထားရှိနိုင်ရန် အတွက် သဲကုန်းမြို့နယ် ရွာသစ်အုပ်စုရှိ တောင်နဝင်းကြားဖြတ် စခန်းနားနေဆောင် ခန်းမ အား ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းကို ယမန်နေ့က ကိုဗစ်-၁၉ ထိန်းချုပ် ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ ပြန်/ဆက် ဦးစီးဌာန၊ ရွာသစ်ကျေးရွာနှင့် ကြို့ပင်သာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး များနှင့်အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြသည်။

အဆိုပါယာယီအဆောင်တွင် စုစုပေါင်း ၅၀ ထားရှိနိုင်မည် ဖြစ်ကြောင်းနှင့် Stay at home မြို့နယ်များမှ ပြန်လာသူများ၊ ပိုးတွေ့လူနာနှင့်ထိတွေ့ခဲ့သူများအား စောင့်ကြည့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် ပြည်ပနိုင်ငံများ၊ Stay at home မြို့နယ်များမှပြန်လာသူများ၊ ကိုဗစ် – ၁၉ ရောဂါ သံသယ လူနာများရှိပါက သက်ဆိုင်ရာ အုပ်ချုပ် ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပေးကြရန်နှင့် ကိုဗစ်-၁၉ အသိပညာပေးလုပ်ငန်းများကို နေ့စဉ်အသံချဲ့ စက်ဖြင့် စဉ်ဆက်မပြတ် နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုခမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၈၃. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ (မြန်မာမှုစကျင်ကျောက်ဖြင့်တည်ဆောက်ခြင်း) | ၁၂၅၀ | ၂၄ လုံး | ၁၇ လုံး | ၇ လုံး |
| ၁၁။ | ဂန္ဓကုဋိတိုက်ရှိ ဇာတ်နိပါတ်တော် စကျင်ကျောက်ထွင်းပန်းချီ (၁၀×၆)ပေ ထုလုပ်ခြင်း | ၃၀၀ | ၂၄ ချပ် | ၁၇ ချပ် | ၇ ချပ် |
| ၁၂။ | ဂန္ဓကုဋိတိုက် ဆိုလာ(၁)လုံး | ၄၈ | ၂၄ လုံး | ၁၇ လုံး | ၇ လုံး |
| ၁၃။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ ခု | - | - |
| ၁၄။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | - | - |
| ၁၅။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၆။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၇။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၁၆ ခု | ၆၃၆ ခု |
| ၁၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | - တိုင် | ၁၁ တိုင် | -တိုင် |
| ၁၉။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | - တိုင် | ၉ တိုင် | -တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၂၀။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး |
| ၂၁။ | မုစလိန္ဒအိုင်(၃၁၅×၂၃၄)ပေ | | ၁ လုံး |
| ၂၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀ | ၁ ခု |
| ၂၃။ | ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု |
| ၂၄။ | ရင်ပြင်တော်ပင်မတံတား (၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၅။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၆။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၂၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၈။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | - တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ယနေ့ သတင်းအညွှန်း

**ယူရို ၂၀၂၀ ပြိုင်ပွဲ ဗိုလ်လုပွဲ အီတလီနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်**

စာမျက်နှာ » ၁၁

**ကိုဗစ် -၁၉ အဆိုးဆုံးကူးစက်မှုနှင့် ကြုံတွေ့နေရသည့်အာဖရိက**

စာမျက်နှာ » ၁၄



**COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၃၇၇ ဦး တွေ့ရှိ**

ထပ်မံသေဆုံးသူ ၇၁ ဦး ရှိသဖြင့်

ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၇၅၆ ဦး ရှိ

စာမျက်နှာ » ၁၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၂၁) ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၇/၂၀၂၁) ကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာ ရှင်းလင်းပွဲ(၇/၂၀၂၁)ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၇/၂၀၂၁)ကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ MOI Website၊ MOI Youtube နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






YGN 6C/3110 Hyundai Express ယာဉ်ပေါ်မှ သိမ်းဆည်းရမိခဲ့သည့် ပွိုင့် ၄၅ (ငွေရောင်)ပစ္စတို၊ ပွိုင့် ၃၈ ကျည် ၁၀၀ တောင့်နှင့် Air Gun လေးလက်ကို တွေ့ရစဉ်။

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ခဲယမ်း ပစ္စည်း၊ ကိရိယာများနှင့် ရောင်းဝယ်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

နိုင်ငံတော်က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG၊ CRPH စသည့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်ပြားစေရန်နှင့် ၎င်းတို့၏ ဝါဒဖြန့်စည်းရုံးမှုများကို မထောက်ခံသည့် ပြည်သူလူထုကို အကြောက်တရားလွှမ်းမိုးနေစေရန် ရည်ရွယ်၍ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အဦများကို မိုင်းများဖြင့် တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အပြစ်မဲ့လူပုဂ္ဂိုလ်များကို ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်းများကိုဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးခံရမှုကြောင့် PDF အပါအဝင် အခြားအကြမ်းဖက်အဖွဲ့အစည်းအချို့ကို စုဖွဲ့၍ မြို့/ရွာအချို့ အား အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိသဖြင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် မွန်ပြည်နယ် သထုံခရိုင် စစ်တောင်းတံတားအသစ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က မော်တော်ယာဉ်များအား

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑